# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၉ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ အင်္ဂါနေ့ အတွဲ (၅၇)၊ အမှတ် (၃၅၁)


# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တရုတ် - မြန်မာ နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မိမိတို့မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးစင်္ကြံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြားတွင်သာမက အစိုးရများနှင့် ပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။


*စာမျက်နှာ ၄ ကော်လံ ၅* ❁




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

## ဘွက်ကြီးရေလှောင်တမံ တာပေါင်မြေကျွံကျမှုကို ထိန်းသိမ်းဆောင်ရွက်နေ



**အောင်လံ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ဒါန်းဒေါင့်ကျေးရွာအနီးရှိ ဘွက်ကြီးရေလှောင်တမံသည် လွန်ခဲ့သောရက်က မိုးများစွာရွာသွန်းခဲ့သဖြင့် တမံ၏အရှေ့ဘက်ခြမ်းတွင် မြေကျွံကျမှုများရှိခဲ့ရာ ယင်းမြေကျွံပေါက်နှင့် အခြားထူးပေါက်များ ဆက်လက်၍ ရေတိုက်စားခြင်း မဖြစ်ပေါ်စေရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ မြေကျွံကျနေသော နေရာများတွင် ဝါးလုံးများ၊ ဝါးထရံများနှင့် မိုးကာများကို အသုံးပြုလျက် တားဆီးကာကွယ်မှုသာရှိခဲ့ရာ အနီးအနားရှိ ဒေသခံပြည်သူများက စိုးရိမ်


*စာမျက်နှာ ၅ ကော်လံ ၁* ✤


## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

**မိုး/ဇလ**

## ဟုမ္မလင်းမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၁၄ မိနစ် ၂၆ စက္ကန့် အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဟုမ္မလင်းမြို့၏ အရှေ့မြောက်ဘက် ၃၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၀၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၄၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**


PUN HLAING SILOAM HOSPITALS

Only JCIA Hospital In Myanmar

မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု အစီအစဉ်

သင့်ရဲ့ မီးယပ်ဆိုင်ရာ ရောဂါများကို အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံမှ ဆရာဝန်ကြီး နှင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ကုသမှုခံယူနိုင်ပါပြီ။

စက်တင်ဘာလ (၂၁) ရက်မှ (၂၂) ရက်နေ့အထိ



လူဦးရေကန့်သတ်ထားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းပါ။

LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ ၃၆၈ ၃၀၁၅၊ ၃၆၈ ၃၀၆၀၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉

## မြန်မာ့အလင်း

# ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုနှင့်အတူ

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း **(Community Based Tourism-CBT)** များ ဖွင့်လှစ်လိုက်ရာ ယင်းသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း ၁၆ ခုအထိ ဖွင့်လှစ်လာနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို နိုင်ငံခြားငွေရှာဖွေပေးသည့် အရေးကြီးစီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် အသင့်ဖြစ်စေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးမှုအပေါ်ကျယ်ပြန့်စွာ အခြေခံစေရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူ စာချုပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး မူဝါဒများချမှတ်ကာ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းမှ ရရှိသည့် အကျိုးအမြတ်များကို ပြည်သူများ ပိုမိုသိရှိရန်၊ ခရီးသွားလုပ်ငန်းကို ပြည်သူများ စိတ်ဝင်စားလာစေရန်၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ပိုမို ထိန်းသိမ်းလာစေရန်နှင့် ခရီးသွားလုပ်ငန်းတွင် ပြည်သူများ ပါဝင်ဆောင်ရွက်လာစေရန်အတွက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်လာရခြင်း ဖြစ်သည်။

ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုသည်မှာ ရပ်ရွာနေဒေသခံပြည်သူတို့က ခရီးသွားဧည့်သည်တို့ကို ၎င်းတို့နေထိုင်ရာ ကျေးရွာသို့ ဖိတ်ကြားကာ ညအိပ်ညနေ အလည်အပတ်လာရောက်မှုများအား စားသောက်ဖွယ်ရာနှင့် အိပ်စက်အနားယူရန် စီစဉ်ပေးခြင်းဖြင့် ဝင်ငွေရရှိစေသည့် နည်းလမ်းဖြစ်သည်။ CBT ခရီးသို့ လာရောက်လည်ပတ်ကြသူများမှာ ကြီးကျယ်ခမ်းနားသော ဟိုတယ်ကြီးများနှင့် ဟိုတယ်၏ ဝန်ဆောင်မှုအမျိုးမျိုးတို့နှင့် ကွဲပြားခြားနားသော အတွေ့အကြုံသစ်များကို ရယူခံစားလို၍ လာရောက်ကြသူများဖြစ်သည်။ CBT ကျေးရွာများမှ လူမှု အသိုင်းအဝိုင်းများ၏ အသက်မွေးမှုပုံစံများ၊ ရပ်ဓလေ့ ရွာဓလေ့များ၊ ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်များကို ကြည့်ရှုလေ့လာကြရင်း ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ စသည်တို့တွင် အတွေ့အကြုံယူကာ ကိုယ်နှင့်စိတ်ကို အပြောင်းအလဲတစ်မျိုးဖြင့် အပန်းဖြေကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် ပတ်ဝန်းကျင်ဒေသများသို့ပါ တောတွင်းခြေကျင်ခရီးထွက်ခြင်း၊ စက်ဘီးစီးခြင်း၊ တောင်တက်ခြင်း၊ လှေစီးခြင်း၊ မြင်းစီးခြင်း၊ လှည်းစီးခြင်း၊ ငှက်ကြည့်ခြင်း၊ ရှေးဟောင်း အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများကို လေ့လာခြင်းတို့ကို ပြုလုပ်ကြသည်။

ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သော စက်ရုံအဖြစ် တင်စားကြသည်။ ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုပေး၍ ဝင်ငွေရယူသော လုပ်ငန်းဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။ ခရီးသွားလုပ်ငန်းများ အောင်မြင်မှုရရန်မှာ ခရီးသည် များများဝင်ရောက်လာစေရေးအတွက် ဆွဲဆောင်နိုင်ဖို့ လိုအပ်သည်။ ခရီးသည်အများအပြား ဝင်ရောက်လာသည်နှင့်အမျှ တစ်ဖက်တွင်လည်း ဒေသခံတို့ဘက်မှ ပေးဆပ်ရသည်များ၊ တိုက်စားခံလိုက်ရသည်များလည်း ရှိသည်မှာ ဤလုပ်ငန်း၏ သဘာဝပင်ဖြစ်သည်။ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ အောင်မြင်အောင် ဖော်ဆောင်ရင်း တစ်ဖက်တွင်လည်း မိမိတို့နေထိုင်ရာ ရပ်ရွာဒေသများ၏ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးမှုများ မရှိစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုပါ ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။



# နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၂/၂၀၁၈) အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၂/၂၀၁၈) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသက သြဝါဒကထာ မြွက်ကြားကာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် အစည်းအဝေးတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့၏ တင်ပြလာသော ပညာရေးဆိုင်ရာ တင်ပြချက်များကို ဆွေးနွေးခြင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များမှ တင်ပြလာသော တက္ကသိုလ်စီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးခြင်း၊ (၂၄)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့ခံယူမည့် ရဟန်းတော်များစာရင်းကို အတည်ပြုခြင်းနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ပြီး သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာကို မြွက်ကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်များနှင့် ပညာရှင်လူပုဂ္ဂိုလ်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် မြို့တော်များပေါ်ပေါက်စေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (အင်ချွံ)သို့ ဒုတိယဝန်ကြီး ဦးစိုးအောင် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် မွန်ပြည်နယ် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်နှင့်အတူ ကိုရီးယားနိုင်ငံ အင်ချွံမြို့၌ စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် အာရှဒေသတွင်းရှိ မြို့တော်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန် နိုင်စွမ်းရှိစေရေးအတွက် နိုင်ငံအလိုက် အတွေ့အကြုံဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကာလအတွင်း မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များအကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲ ရေးအတွက် နိုင်ငံတော်အဆင့် မူဝါဒနှင့် လုပ်ငန်းစဉ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ၂၀၁၈ ခုနှစ်တွင်း ရေဘေးအန္တရာယ် ဖြစ်ပွားပေါ်ပေါက်ခဲ့မှုများ၊ အထူးသဖြင့် မွန်ပြည်နယ်အတွင်း ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ မော်လမြိုင်မြို့၏ ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်မှု မြင့်မားစေရေးအတွက် ရေတို/ရေရှည်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ၊ အဆိုပါဒေသ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဆန်းဒိုင်းမူဘောင်နှင့်အညီ ဆန်းစစ်ဖော်ထုတ်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်များနှင့် အရေးပေါ် တုံ့ပြန်ရေး စီမံချက်များရေးဆွဲဆောင်ရွက်ရေး၊ ဒေသခံအစိုးရအဖွဲ့ အစည်းများနှင့် ပြည်သူလူထု၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ခရီးစဉ်အတွင်း၌ ဒုတိယဝန်ကြီးနှင့်အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများသည် အင်ချွံမြို့ ဘေးအန္တရာယ်နှင့်လုံခြုံမှုဆိုင်ရာ ထိန်းချုပ်မှု ကွပ်ကဲရေးဗဟိုဌာနသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုများ လေ့လာခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာရှဒေသတွင်းရှိ မြန်မာနိုင်ငံ မော်လမြိုင်မြို့ အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၊ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့၊ နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့နှင့် အင်ဒိုနီးရှားနိုင်ငံ စီလာကပ်မြို့တို့ရှိ ဒေသန္တရအစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံ ငါးနိုင်ငံ၏ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဆန်းဒိုင်းမူဘောင်ကို ဒေသန္တရအဆင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အနေအထားများကို ဆန်းစစ်လေ့လာနိုင်ရေးနှင့် မြို့တော်များ၏ ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးအတွက် နိုင်ငံအသီးသီး၏အတွေ့အကြုံများအား ဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ကြီးမြို့နယ်၌ ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၁၇**

အကြိမ်(၁၃၀)မြောက် ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ချောင်းအတွင်း၌ ယနေ့နံနက်က စတင်ကျင်းပခဲ့သည်။

အဆိုပါ ပွဲတော်အား မြို့နယ်သံဃာ့ဝန်ဆောင်ဥက္ကဋ္ဌ ရှင်သီဝလိ တောင်တော်မြတ်၏ သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မိန့်ကြားချက်နှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလွင်၏ စီစဉ်ညွှန်ကြားမှုဖြင့် ပွဲတော်ကျင်းပရေးကော်မတီခုနစ်ခုဖွဲ့၍ စက်တင်ဘာ ၁၇ ရက် မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ပွဲတော်သည် ကျောက်ကြီးမြို့နယ်၏ အစဉ်အလာကြီးမားသောပွဲတော်ကြီးဖြစ်သည့်အပြင် တောင်သူလယ်သမားများ၏ ထွန်တုံးပိတ်ပွဲ အမှတ်တမ်းတင်သည့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကြီးကို လှေအသင်း ၁၀၀ ကျော်ဖြင့် မြို့လယ်ချောင်းအတွင်းအမျိုးသား ငါးတက်၊အမျိုးသမီး ခုနစ်တက်၊ အမျိုးသား ချောတိုင်တက်ပွဲ၊ အမျိုးသမီး တက်ခုတ်ယိမ်းနှင့် ညပိုင်း ရှင်ဥပဂုတ္တရဟန္တာမြတ်အား မီးမျှောပူဇော်ကြပြီး အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကားသော ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ **ကိုသားကြီး(ပြန်/ဆက်)**

# ရာဇဝတ် အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှု စီရင်ချက်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးမြင့်အောင်နှင့် ဦးအောင်ဇော်သိန်းတို့ပါဝင်သည့် အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဌေးအောင်<br>အမြဲတမ်းအတွင်းဝန်/<br>တာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>(သတ္တုရေးရာ)<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂) | ဦးမင်းမင်းဦး<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>(သတ္တုရေးရာ)<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွဲကွဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌအား တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ နံနက်ခြောက်ရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

### အမြင်ချင်းဖလှယ် ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် တရုတ် - မြန်မာ နှစ်နိုင်ငံအကြား နှစ်နိုင်ငံအကြီးအကဲများ၏ ချစ်ကြည်ရေးခရီးစဉ်များမှတစ်ဆင့် အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် ပိုမိုပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံ စီးပွားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်နှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးဘိုဘိုဦး၊ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီအဖွဲ့ဝင် ဒေါ်ပြုံးကေသီနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။

### စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli တို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

ယင်းနောက် ညနေပိုင်းတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ Park Royal Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ Training of Trainers and Facilitators ( TTF ) သင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ Training of Trainers and Facilitators ( TTF ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ India International Institute of Democracy and Election Management (IIIDEM) သင်တန်းကျောင်းမှ Senior Advisor ဖြစ်သူ Dr.Bhagbanprakash နှင့် နည်းပြဆရာများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် ကော်မရှင်အနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန် MoU ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၆ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ယင်း MoU အရ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများကို ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ ပထမဆုံးဖွင့်လှစ်သည့် ရွေးကောက်ပွဲဆိုင်ရာစက်ဝန်းနှင့် သက်ဆိုင်သည့်သင်တန်းကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ရှိသော IIIDEM သင်တန်းကျောင်း၌ ဇူလိုင် ၁၆ ရက်မှ ၂၅ ရက် အထိ ၁၀ ရက်အကြာ အရာရှိ ၂၅ ဦးကို စေလွှတ်သင်ကြားခဲ့ပြီး ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင် (ECI) မှ ဆရာ ဆရာမများက မြန်မာနိုင်ငံမှ သင်တန်းသား ၂၅ ဦးကို ငါးရက်ကြာ ပထမဆုံးအကြိမ် လာရောက်သင်ကြားပို့ချပေးသည့် သင်တန်းဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အိန္ဒိယနိုင်ငံ အိန္ဒိယရွေးကောက်ပွဲကော်မရှင်နှင့် ယခုထက်ပိုမိုပူးပေါင်း ဆောင်ရွက်သွားနိုင်ရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Dr.Bhagbanprakash က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ MoU ရေးထိုးပြီးနောက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ပို့ချရန်လိုအပ်သည့် သင်တန်းများကို လေ့လာမှုပြုခဲ့ကြောင်း၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် သင်တန်းကိုးခု ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းများကို အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တစ်လှည့်စီ ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ၂၀၁၈ ခုနှစ်တွင် သင်တန်းလေးခုနှင့် ၂၀၁၉ ခုနှစ်တွင် သင်တန်းငါးခု ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အတွေ့အကြုံများကို မျှဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိရောက်သော ငြိမ်းချမ်းရေးတည်ဆောက်မှုစွမ်းရည်နှင့် နည်းလမ်းများဆိုင်ရာ အာဆီယံဒေသဆိုင်ရာ ဖိုရမ်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

**မြန်မာ၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ပူးတွဲဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်သည့် ထိရောက်သော ငြိမ်းချမ်းရေး တည်ဆောက်မှုစွမ်းရည်နှင့် နည်းလမ်းများဆိုင်ရာ အာဆီယံဒေသဆိုင်ရာ ဖိုရမ်အလုပ်ရုံဆွေးနွေးပွဲ (ASEAN Regional Forum Workshop on Preventive Diplomacy ; Skills and Tools Towards Effective Peacebuilding ) ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel , Grand Ballroom ၌ ကျင်းပသည်။** (အောက်ပုံ)




ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဌာန၏ အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်များနှင့် အကြံပေးဘုတ်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျူမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများမှ ကျွမ်းကျင်သူပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အဖွင့်မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး Mr. Steve Marshall နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး Mr. Scot Marciel တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျူ Senior Advisor , Dr. Jerr Helsing တို့က ထိရောက်သော ငြိမ်းချမ်းရေး တည်ဆောက်မှုစွမ်းရည်နှင့် နည်းလမ်းများဆိုင်ရာ အာဆီယံဒေသဆိုင်ရာဖိုရမ် အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ မိတ်ဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ASEAN Institute for Peace and Reconciliation, Executive Director, Ambassador Rezian Jenie က အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဌာန၏ တစ်နှစ်တာကာလအတွက် ဦးစားပေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် **ထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် မည်သည့်လုပ်ငန်းက အလုပ်ဖြစ်သနည်းခေါင်းစဉ်**နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး Mr. Steve Marshall က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး International Labour Organization in Myanmar, Deputy Liaison Officer, Ms.Piyamal Pichaiwongse နှင့် Mediators Beyond Borders မှ Ms, Shadia Marhaban တို့က ဦးဆောင်၍ ဆွေးနွေးကြသည်။

ယင်းနောက် **ထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စိန်ခေါ်မှုများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်**နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီဝင် ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချိုတို့က ဦးဆောင်၍ ဆွေးနွေးကြသည်။

ထို့နောက် American University Basic principles of peace process development and conflict analysis မှ Mr. Anthony Wanis-st.john က ပဋိပက္ခသုံးသပ်ခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တည်ဆောက်မှုပုံစံကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ပဋိပက္ခလေ့လာသုံးသပ်ရေးနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား MGallery Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၈ ရက်တွင် သံတမန်နည်းလမ်းအရ ကာကွယ်ရာတွင် ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှု၊ ပဋိပက္ခအတွက် အဖြေရှာခြင်းနှင့် ညှိနှိုင်းဆွေးနွေးမှုစွမ်းရည်များ၊ ညှိနှိုင်းဆွေးနွေးမှုစွမ်းရည်၊ လေ့ကျင့်ခန်းနှင့် လေ့လာတွေ့ရှိချက်များကို ပြန်လည်အစီရင်ခံခြင်း၊ ပဋိပက္ခအတွက်အဖြေရှာခြင်းနှင့် ဖျန်ဖြေရေးစွမ်းရည်၊ စေ့စပ်ဖျန်ဖြေမှုကို နားလည်ခြင်းနှင့် မူများနှင့် သဘောတရားများစသည့်ခေါင်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကာ စက်တင်ဘာ ၁၉ ရက်တွင် **သဘောတူညီချက်** မှတ်တမ်းရုပ်ရှင်ကိုပြသခြင်း၊ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကို ခြုံငုံသုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❀ *ရှေ့ဖုံးမှ*

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြောကြားရာတွင် တရုတ် - မြန်မာနှစ် နိုင်ငံအကြား ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အထောက်အကူဖြစ်စေနိုင်သည့် ဥပဒေပြုရေးလုပ်ငန်းများနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါ်များပြီး ရာသီဥတုကောင်းမွန်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ အထူးကောင်းမွန်ပါကြောင်း၊ တရုတ်- မြန်မာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ နောင်အနာဂတ်တွင် တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli တို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်မောင်ဝင်း၊ ဦးအောင်မင်း၊ ဦးဇော်သိန်း၊ ဦးခွန်မောင်သောင်း၊ ဒေါက်တာတင်အောင်၊ ဒေါက်တာ စံရွှေဝင်း၊ ဦးရန်လင်း၊ ဦးတင်မောင်ဝင်း၊ ကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **မိုး/ဇလ**



# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် အိန္ဒိယကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ရန် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရာရှိရိပ်သာသို့ ရောက်ရှိရာ အိန္ဒိယကြည်းတပ်ဦးစီးချုပ်နှင့် ဇနီး၊ အိန္ဒိယကြည်းတပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ (ဓာတ်ပုံ) BIMSTEC အဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်အရာရှိကြီးများနှင့်အတူ အိန္ဒိယတပ်မတော် Army Symphonic Band Concert ၏ဖျော်ဖြေမှုအား ကြည့်ရှုအားပေး၍ ဖျော်ဖြေရေးအဖွဲ့ခေါင်းဆောင်အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် BIMSTEC Army Chiefs' Conclave အထိမ်းအမှတ်အဖြစ် အိန္ဒိယကြည်းတပ် ဦးစီးချုပ်နှင့် ဇနီးတို့မှ တည်ခင်းဧည့်ခံသော ညစာစား ပွဲသို့ တက်ရောက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

✤ *ရှေ့ဖုံးမှ*

ထိတ်လန့်မှုများရှိနေကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက်က တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်နှင့် ဘူမိဗေဒ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ တည်ဆောက်ရေး(၃)တို့မှ တာဝန်ရှိသူများက ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားရာ ယခုအခါ တမံပေါင်ကို မိုးရေဝင်ရောက်၍ ဆက်လက်တိုက်စားခြင်းမရှိစေရန် တားဆီးထားရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် မြေဖို့ပါက အလေးချိန်ပိပြီး ထပ်မံနိမ့်ဆင်း လျှောကျသွားနိုင်သဖြင့် မြေသားလျှောကျမှု ထပ်မံဖြစ်ပွားခြင်း မဖြစ်ပေါ်စေရန် အောက်မှဒေါက်များဖြင့် ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကျောက်ရိုးပြုလုပ်ကာ ယင်းမှရေထွက်စေရန် ဆောင်ရွက်နေကြောင်း၊ ယင်းကျောက်ရိုးမှ ဒေါက်များ ထောက်ကာ စက်ယန္တရားများကို အသုံးပြု၍ တမံအား မြေဖို့မည်ဖြစ်ကြောင်း၊ သို့သော် ယခုအခါ မြေသားများပျော့နေသေး၍ စက်ယန္တရားများ တမံပေါင်ပေါ်သို့ တက်ရန်မဖြစ် နိုင်သေးသဖြင့် မြေသားများ ဆက်လက်လျှောမှု မဖြစ်ပေါ်စေရေးအတွက်သာ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ကျန်လုပ်ငန်းများကို ပွင့်လင်းရာသီရောက်မှသာ ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ယင်း တမံပေါင်ကို ဆက်လက်၍ တိုက်စားမှုမရှိစေရေးအတွက် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှု မရှိကြစေရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမေရိကန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် အမေရိကန် သံအမတ်ကြီး H.E. Mr. Scot Marciel နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ (၁)၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် အမေရိကန်နိုင်ငံမှ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာကြသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရေထွက်ပစ္စည်းတင်ပို့မှု တိုးတက်စေရေးအတွက် နည်းပညာများ ပံ့ပိုးသွားရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးတက်စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆက်လက် ရယူသွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပလက်ဝမြို့နယ် ဆမီးမြို့ဝန်းကျင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကားလမ်းဖောက်လုပ်

**ပလက်ဝ စက်တင်ဘာ ၁၇**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့တွင် ချင်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဆမီး- ပီဝ- အလုံဘွေ- ဖောင်ပိုက်ကုန်း-ထလုံကုန်း-ပါထန်း- တပ်ချောင်း မိုင် ၂၀ ရှိကားလမ်းကို ဆမီး- မတူပီ ကားလမ်းနှင့် ချိတ်ဆက်၍ ဆမီး-ပီဝ လမ်းပိုင်းခြောက်မိုင်နှင့် ပါထန်း-တပ်ချောင်း ရှစ်မိုင် သုံးဖာလုံ မြေသားလမ်းအဖြစ် ဖောက်လုပ်ခြင်း၊ လမ်းတာချဲ့ခြင်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ပြီးစီးအောင်ဆောင်ရွက်ရန် ရည်မှန်းထားသည်။

ပီဝ- အလုံဘွေ- ဖောင်ပိုက်ကုန်း- ထလုံကုန်း- ပါထန်း လမ်းပိုင်း ငါးမိုင် ငါးဖာလုံကို ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် စတင်တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ကျေးလက်ဦးစီးဌာနလမ်းစာရင်းတွင် ထည့်သွင်းကာ လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ပုံငွေများ တောင်းခံ၍ နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ပီဝ- အလုံဘွေ- ဖောင်ပိုက်ကုန်း- ထလုံကုန်း-ပါထန်း- တပ်ချောင်း ကျေးရွာများမှ ဆမီးမြို့သို့ ခြေကျင်ဖြတ်သန်းသွားလာနေကြရသည့်ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် ဖောက်လုပ်ပေးခြင်းဖြစ်ရာ ပြီးစီးသွားပါက ဆမီးမြို့ဝန်းကျင်ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်၍ ယင်းကျေးရွာချင်းဆက်လမ်းအမြန်ပြီးစီးရန်ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ် တတိယ သုံးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၁၈)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယ အမြဲတမ်းအတွင်းဝန်တို့က ၂၀၁၈ ခုနှစ် ဇွန်လမှ ဩဂုတ်လအထိ တတိယသုံးလပတ် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ အပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို အသီးသီး ရှင်းလင်း တင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာ ဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေမြုပ်မိုးစပါးခင်းများ ပြန်လည်ထူထောင်ရန် စုပေါင်းလုပ်ဆောင်

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁၇**

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း ကရင်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် မိုးစပါးဧက ၃၄၀၄၂၀ စိုက်ပျိုးထားမှုအပေါ် ၅၄၅၁၉ ဧက ရေလွှမ်းခဲ့ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ပိုးမွှားရောဂါကျရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို တောင်သူများနှင့် စုပေါင်း၍ စက်တင်ဘာလ ဒုတိယပတ်က လုပ်ဆောင်နေကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကြာအင်းဆိပ်ကြီး မြို့နယ်တွင် ရေကြီးနစ်မြုပ်မိုးစပါးစိုက်ခင်းများ ပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများ စုပေါင်းပြီး တောင်သူအခြေပြုဘက်စုံ ပိုးမွှားရောဂါကာကွယ်ရေး စုပေါင်းလုပ်ဆောင်မှုကို ကြာအင်းဆိပ်ကြီး မြို့နယ် ခလယ်ကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာ ကွင်းအမှတ် ၅၃၀ ဦးပိုင်အမှတ် ၆၄/၃ ရှိ တောင်သူ ဦးစောမီးသိန်း၏ မိုးစပါးငါးဧက စိုက်ခင်းတွင် ပြည်နယ် စိုက်ပျိုးပညာပေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်နှင့် ကွင်းဆင်းပညာပေး ဝန်ထမ်းများက ရွှေ့လျားခာတ်ခွဲခန်းများဖြင့် တောင်သူများကို ပိုးမွှားရောဂါအမျိုးအစား ခွဲခြားရှင်းပြခြင်းနှင့် စိုက်ခင်းအတွင်း လက်တွေ့ စုပေါင်း လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဲကုန်းမြို့နယ်ရှိ ကျေးလက်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**သဲကုန်း စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ (ပထမ-၆လ)တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်းအဖြစ် နိုင်ငံတော်၊ ယူနီဆက်ဖ်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော ကန်နှစ်ဆင့်ကျေးရွာအုပ်စု သစ်စိမ့်ကုန်းကျေးရွာ စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရုံးမြေနေရာဝယ်ယူထားရှိမှုအခြေအနေကို စက်တင်ဘာလ ဒုတိယပတ်က ပြည်ခရိုင်ကျေးလက်မှ ခေတ္တခရိုင်ဦးစီးမှူး ဦးအေးနိုင်နှင့်အဖွဲ့၊ မြို့နယ်ကျေးလက်မှ မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း "မန်ခုတ်" သည် တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေကို ဟောင်ကောင်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်နိုင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ ရမ်းဗြဲမြို့နယ် လေးတောင်နယ်ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းနေ ရေလုပ်သားများအတွက် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ခိုနားနိုင်ရန် ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Multi Purpose Cyclone Shelter) တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်၊ အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားမည် ဖြစ်ပါကြောင်း၊ ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းတို့သည် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်လျက်ရှိရာ ဆန်တင်မော်ဆိပ်ကမ်းတွင် အိမ်ခြေ ၁၅၀ ခန့် လူဦးရေ ၇၀၀ ကျော်ခန့်နှင့် ကျောက်ဦးမော်ဆိပ်ကမ်းတွင် အိမ်ခြေ ၁၀၀ ခန့် လူဦးရေ ၅၀၀ ခန့်ရှိပြီး ပွင့်လင်းရာသီတွင် ရေလုပ်ငန်းလုပ်ကိုင်သူ ဦးရေမှာ ယခုထက် ပိုမိုများပြားစွာ နေထိုင်ကြသည်ကို သိရပါကြောင်း။

## သင့်လျော်သည့် မြေနေရာတွင် ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံတစ်လုံး ဦးစားပေးဆောက်လုပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်

အဆိုပါ ဆိပ်ကမ်း နှစ်ခုရှိ ရေလုပ်သားများ၏ နေထိုင်ရာနေရာသည် ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိပြီး ဇရပ်ပြင်ကျေးရွာအုပ်စုရှိ ကုန်းတွင်းပိုင်းကျေးရွာများနှင့် ၆ မိုင်ခန့် ကွာဝေးခြင်း၊ အနီးပတ်ဝန်းကျင်တွင် တောင်ကုန်းတောင်တန်းများ မရှိခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ပြောင်းရွှေ့ခိုနားနိုင်ရန် အဆောက်အဦများ မရှိခြင်းတို့ကြောင့် ယင်းဒေသရှိ ရေလုပ်သားများနှင့် မိသားစုဝင်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ခိုလှုံနိုင်ရန်အတွက် ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းအနီးတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ရွေးချယ်ပေးသည့် သင့်လျော်သည့် မြေနေရာတွင် ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံတစ်လုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ဦးစားပေးဆောက်လုပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ **ဘော်လခဲမြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သော ပညာလေ့ကျင့်ရေးကျောင်းမှ ကျောင်းသားများခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးမျှတမှုမရှိသလို ပွင့်လင်းမြင်သာမှု မရှိပါသဖြင့် မည်ကဲ့သို့ မူဝါဒများ ချမှတ်၍ ခေါ်ယူနေသည်ကို သိရှိလိုခြင်းနှင့် နောက်နောင်ခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးကျခေါ်ယူပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်နိုင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ၄၅ ကျောင်းအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းသတ်မှတ်ချက်ကို မိဘမဲ့၊ မိမဲ့၊ ဘမဲ့၊ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများကိုသာ ဦးစားပေးလက်ခံရန်နှင့် ပြင်ပဘော်ဒါဆောင်နေ ကျောင်းသားများအား လက်ခံခြင်းမပြုရန်၊ ကျောင်းသား၊ ကျောင်းသူများကို လက်ခံရာတွင် ပညာအခြေခံကောင်းမွန်သူ၊ ပညာကို လိုလားကြိုးစားသင်ယူလိုသူများအား ဦးစားပေး ရွေးချယ်စိစစ်လက်ခံရမည်၊ ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းသူများဖြစ်ရမည်၊ အသက် ၁၁ နှစ်မှ ၁၂ နှစ်အတွင်းရှိ ပဉ္စမတန်းကျောင်းသား၊ ကျောင်းသူများသာ ဖြစ်ရမည်။ ကျောင်းမှ ချမှတ်ထားသော စည်းကမ်းများကိုသာ သိရှိနားလည်ပြီး လိုက်နာနိုင်သူဖြစ်ရမည်၊ ပညာသင်နှစ်ကျောင်းဖွင့်ချိန်မှစ၍ စိစစ်လက်ခံရန်နှင့် ကျန်ကာလများတွင် လက်ခံခြင်း မပြုရ စသည့် မူဝါဒများကို ချမှတ်ထားပါကြောင်း။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (လွိုင်ကော်၊ ဘော်လခဲ)တွင် ပဉ္စမတန်းကျောင်းသား၊ ကျောင်းသူသစ်များ စိစစ်ရွေးချယ်ခြင်းအား ကယားပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံသို့ ကျောင်းကြီးကြပ်ရေးကော်မတီမှ တင်ပြအတည်ပြုချက်ရယူ၍ လက်ခံခဲ့ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင်လည်း ကျောင်းသား၊ ကျောင်းသူသစ်များ စိစစ်လက်ခံခြင်းကို ကျောင်းကြီးကြပ်ရေးကော်မတီအနေဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ တင်ပြအတည်ပြုချက် ရယူရွေးချယ်ခဲ့ပါကြောင်း၊ ကျောင်းသားများ ရွေးချယ် ရာတွင် ဝန်ကြီးဌာနအနေဖြင့် နှစ်အလိုက် ကျောင်းသား၊ ကျောင်းသူ အင်အားမည်မျှ ဖွင့်မည် ရွေးချယ်ပေးပါ ဆိုသည်ကိုသာ အဆိုပြုပြီး ဝန်ကြီးချုပ်က အတည်ပြုပေးမှသာ ဆက်လက် ဆောင်ရွက်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးစိုးအောင်



ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ

## ရန်ပုံငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ အဆိုပြု ထည့်သွင်းလျာထားနိုင်ရေးအတွက် တင်ပြဆောင်ရွက်ပေးသွားမည်

ပလက်ဝ မဲဆန္ဒနယ်မှ ဦးစိန်အောင်၏ **ပလက်ဝမြို့နယ် ဖရုံချောင်းကျေးရွာ လူကူးကြိုးတံတား (၃၅၀)ပေ တစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ ရန်ပုံငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ အဆိုပြု ထည့်သွင်းလျာထားနိုင်ရေးအတွက် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလု၏ **နန်းယွန်းမြို့နယ်ရှိ ရှိတ်ညို - လုံကျန်းလမ်းပေါ်မှ Box Culvert များအား သတ်မှတ်စံနှုန်းများအတိုင်းဆောင်ရွက်ထားမှု မရှိသော Global Land ကုမ္ပဏီအား အသစ်ပြန်လည်ဆောင်ရွက်စေခြင်းအပြင် အခြားမည်သို့သော ထိရောက်သည့် အရေးယူမှုများ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှိတ်ညို - ကဲဆန်လောင်ကျန်းလမ်းပေါ်တွင် ၆ပေ Box Culvert အစင်း ၆၀ တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးပြီး အရည်အသွေးမပြည့်မီသည့် Box Culvert များအား ပြန်လည်ပြုပြင်စေခဲ့ရာတွင် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးကြောင်းကို ပြန်လည်တင်ပြထားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်သည့်အဖွဲ့ဖြင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စစ်ဆေးပေးပြီး လိုအပ်ချက်များရှိပါက ကုမ္ပဏီအား ထပ်မံဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ခြင်းမရှိပါက ၎င်းကို ကုမ္ပဏီအား Blacklist စာရင်းသွင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီနှင့် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ သဘောတူလက်ခံရန် သက်ဆိုင်ရာကော်မတီဝင်တို့က အဆိုတင်သွင်းကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့်ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်သွင်းသည့် စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက ရှင်းလင်းတင်ပြသည်။

## စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကို စက်တင်ဘာ ၁၈ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၇**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီ (၅)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်ရှိ ပြည်သူလူထုနှင့် ပြည်သူ့ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် ရေတိုရေရှည်လုပ်ငန်းများ ဆောင်ရွက်ပေးရန်ရှိပါကြောင်း။

ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူစာချုပ်များအရ ပြန်လည်လက်ခံရေး အစီအစဉ်များ ရေးဆွဲထားကြောင်း၊ ပုံမှန်နည်းလမ်းနှင့်ပြန်လက်ခံနိုင်ရေးအတွက် အဟန့်အတား အနှောင့်အယှက်များကို ဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လုံခြုံရေးသည် အလွန်အရေးကြီးသောကဏ္ဍဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း ကော်မတီပူးတွဲဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့် သက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များက အသီးသီး တင်ပြဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၈) ရက်မြောက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် ဦးဆောင်သည့်အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာဆလိုင်းရီယန်းဖဲလ်၊ ဖလမ်းမဲဆန္ဒနယ်၏ မိတ်ဆွေလေးဦး၊ ဦးဦးထွန်းဝင်း၊ ကျောက်တော်မဲဆန္ဒနယ်၏ မိတ်ဆွေ ၁၇ ဦး၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် Future အထက်တန်းအဆင့်ကိုယ်ပိုင်ကျောင်းမှ တည်ထောင်အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ခိုင် ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ ၄၉ ဦးနှင့် Hanns Seidel Foundation မှ ဆောင်ရွက်လျက်ရှိသော မြန်မာ့ဖက်ဒရယ်ရေးရာခေါင်းဆောင်မှုသင်တန်းမှ ပရိုဂရမ်မန်နေဂျာ ဦးအောင်စိုးမင်း ဦးဆောင်သည့် သင်တန်းသား သင်တန်းသူ ၅၇ ဦး စုစုပေါင်း ၁၃၀ တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၁၇**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၇၀ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၁၂ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ တောင်ငူမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၁၁ လက်မ၊ လပွတ္တာမြို့တွင် ဝ ဒသမ ၇၉လက်မ၊ ဘားအံမြို့တွင် ဝ ဒသမ ၆၇ လက်မနှင့် သိမ်ဇရပ်မြို့တွင် ဝ ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများအား အတည်ပြုခြင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၏ **ဆေးတက္ကသိုလ်ဝင်ခွင့်ကို ယောကျ်ား၊ မိန်းမ ခွဲခြားလျက် ၅၀ ရာခိုင်နှုန်းစီ သတ်မှတ်ထားခြင်းကို ပယ်ဖျက်၍ ရရှိသော အမှတ်အလိုက် အစဉ်အတိုင်း ဝင်ခွင့်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လတ်တလောတွင် ပြင်ဆင်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ အကယ်၍ ပြင်ဆင်မည်ဆိုပါက ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြီးမှသာ ပြောင်းလဲသင့်ပါက ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်

## လှိုင်းဘွဲ့ချောင်း ရေတိုက်စားကမ်းပြိုမှုကြောင့် ချောင်းဘေးရှိ ကျေးရွာများ ရေကြီးရေလျှံ ရေဘေးသင့်မှု ကင်းဝေးစေရန် လူထုသဘောထားရယူကာ လိုအပ်သော အစီအမံများ ဖြည့်စွက်ဆောင်ရွက်ပေးသွားမည်ဖြစ်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောချစ်ဦး က **ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ပေါ်(၄)ရပ်ကွက်နှင့် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှစ်စဉ်နှစ်တိုင်း မိုးရာသီ၌ တောင်ကျရေကြောင့် ရေနစ်မြုပ်မှုဒဏ်ကို ကာကွယ်ပေးရန် မည်သို့စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အတွင်း ပျက်စီးသွားသော လမ်းတံတားများအား ပြန်လည်တည်ဆောက်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် လှိုင်းဘွဲ့ချောင်းရေတိုက်စားကမ်းပြိုမှုကြောင့် ချောင်းဘေးရှိ ကျေးရွာများ ရေကြီးရေလျှံ ရေဘေးသင့်မှု ကင်းဝေးစေရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရှည်အစီအမံဖြစ်သော ချောင်း၏ လိုအပ်သော အကျယ်နှင့်အနက် ရရှိအောင်ဆောင်ရွက်ခြင်း၊ မြစ်ကွေးများ၏ အပြင်ဘက်(Outer Bend)တွင် ကမ်းထိန်းတမံများတည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် အသေးစိတ်လေ့လာမှုလုပ်ငန်းများနှင့် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လူထုအကြံပြုဆွေးနွေးပွဲများ ပြုလုပ်၍ သဘောထားရယူကာ လိုအပ်သော အစီအမံများ ဖြည့်စွက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် ခွါဟရန်ကျေးရွာနှင့် ဟားခါးမြို့နယ် လေပီးကျေးရွာအကြား ကျေးရွာချင်းဆက်လမ်း(၇)မိုင်ကို ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ခွါဟရန်ကျေးရွာနှင့် ဟားခါးမြို့နယ်ရှိ လေပီးကျေးရွာတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းသည် လမ်းအရှည် ၇ မိုင်ရှိပြီး လမ်းအကျယ် ၁၂ ပေ ရှိပါကြောင်း၊ လမ်းအဆင့် သတ်မှတ်ချက်အရ Class (B) ဦးစားပေးအဆင့် ၃ တွင် ပါဝင်သည့်အတွက် လမ်းအကျယ် ၂၄ ပေ လမ်းတာချဲ့ခြင်းနှင့် ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှမြေး (ခ) ဒေါ်အုန်းကြည်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ** ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောမတူသူရှိသည့်အတွက် ဥပဒေကြမ်းကို ပြင်ဆင်ရန် သင့်၊ မသင့် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲများသည့်အတွက် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက်ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောချစ်ဦးက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ** ကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ နည်းဥပဒေများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# တောင်ကြီးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က သစ်တောရပ်ကွက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများတွင်လည်း ပြည်သူလူထုအားလုံး အသိစိတ်ဓာတ်ရှိရှိဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများကို သုံးစွဲမည့်အစား အိုဇုန်းလွှာကို မထိခိုက်စေသည့်ပစ္စည်းများကို အစားထိုးသုံးစွဲခြင်းနှင့် လျှော့ချသုံးစွဲခြင်းအားဖြင့် ကမ္ဘာ့အပူချိန်လျှော့ချရန်၊ ဆက်လက်ဆောင်ရွက်ရန် ပူးပေါင်းပါဝင်သွားကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုပြသခဲ့ပြီး တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

■ *ကျောဖုံးမှ*

အများကြီး ကာရံထားပြီး မိုင်ပေါင်းထောင်ချီအောင် ဝေးနေတဲ့အတွက် မဖြစ်နိုင်ဘူးလို့ ပြောရမှာပေ့ါ။ အခုအခါမှာလည်း မုတ်သုံလေက ဆုတ်နေပြီဆိုတော့ မုန်တိုင်းဖြစ်ပေါ်လာဖို့က အလွန်ကို အလှမ်းဝေးပါတယ်။ ဒီအပေါ်မှာ လူထုအနေနဲ့ကျွန်တော်တို့ မိုး/ဇလကအချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေတဲ့ မိုးလေဝသသတင်းတွေကိုပဲ ယုံကြည်ကြပါ။ အခြား လူမှုကွန်ရက်စာမျက်နှာပေါ်မှာ အင်အားပြင်းမုန်တိုင်း ကျရောက်နိုင်တယ်ဆိုတဲ့ အခြေအမြစ်မရှိ ဖော်ပြချက်တွေကို မယုံကြပါနဲ့လို့ ပြောချင်တယ်။ မုန်တိုင်းတစ်ခု ဖြစ်ပေါ်ဖို့ဆိုတာ အဆင့်ဆင့်ရှိပါတယ်။ ဒါကို ကျွန်တော်တို့ မိုး/ဇလအနေနဲ့ အမြဲမပြတ်စောင့်ကြည့် တိုင်းထွာခန့်မှန်းပေးနေပါတယ်”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အောက်မြန်မာပြည်)မုတ်တမ်းဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်က ပြောသည်။

မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းမှ စတင် ဝင်ရောက်ပြီး မြစ်ဝကျွန်းပေါ်၊ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများအထိ ဝင်ရောက်ကြောင်း သိရသည်။ မုတ်သုံလေပြန်ဆုတ်လျှင် မြန်မာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်း၊ မြစ်ဝကျွန်းပေါ်နှင့် မြန်မာနိုင်ငံ တောင်ပိုင်းမှ ပြန်လည်ထွက်ကြောင်း သိရသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မုတ်သုံလေ ပုံမှန်ထွက်ချက်မှု ခန့်မှန်းချက်များအရ အောက်တိုဘာလ ပထမပတ်တွင် အပြီးပြန်လည်ထွက်သွားကြောင်း မုတ်သုံလေသည် အဝင်/အထွက် နှစ်ခုပေါင်း ကြာချိန်သည် ၁၂၀ ရက်ရှိကြောင်း သိရသည်။

ယခုအခါ မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းမှ ယခုလ စက်တင်ဘာ ၁၄ ရက်နေ့တွင် စတင်ထွက်ပြီဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

မုန်တိုင်းတစ်ခုဖြစ်ပေါ်ရန် မုန်တိုင်း၏ အင်အားဦးတည်ရာအလိုက် အရောင်ငါးမျိုး သတ်မှတ်ထားကြောင်း၊ အဝါရောင်သည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုန်တိုင်းစတင်ဖြစ်ပေါ်ရန် အချိန်ဖြစ်ကြောင်း၊ လိမ္မော်ရောင်သည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုန်တိုင်း စတင်ဖြစ်ပေါ်သည့်နောက် မြန်မာ့ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားလာမည့်အချိန် ဖြစ်ကြောင်း၊ အနီရောင်သည် မုန်တိုင်းမှ မြန်မာ့ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားလာပြီး မြန်မာ့ကမ်းရိုးတန်းဆီသို့ မဖြတ်ကျော်မီ ၁၂ နာရီအလို အချိန်ဖြစ်ကြောင်း၊ အညိုရောင်သည် မြန်မာ့ကမ်းရိုးတမ်းဒေသသို့ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ချိန်ဖြစ်ကြောင်း၊ အစိမ်းရောင်သည် မုန်တိုင်းအားပျော့၍ မုန်တိုင်းအန္တရာယ် ကင်းရှင်းသွားချိန်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် မည်သည့်အဆင့် သတ်မှတ်ချက်မျှ မရှိဘဲ မုန်တိုင်းဝင်ရောက်ရန် အလှမ်းဝေးသည်ဟု ယူဆရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အောက်မြန်မာပြည်)ရုံးမှ သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

▲*ကျောဖုံးမှ*

ဇွဲကပင်အသင်းသည် ပွဲစဉ် (၂၁)တွင် ရောဝတီကို ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် တတိယနေရာရရန် နီးစပ်သွားခြင်းဖြစ်ပြီး နောက်ဆုံးပွဲတွင် အနိုင်ရရုံဖြင့် တတိယဆုရမည်ဖြစ် သည်။ နောက်ဆုံးပွဲအဖြစ် ဇွဲကပင် အသင်းက GFA အသင်း၊ ဟံသာဝတီအသင်းက ရောဝတီအသင်း၊ ရတနာပုံအသင်းက စစ်ကိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဇွဲကပင်အသင်း နိုင်ပွဲမရရှိမှသာ ဟံသာဝတီနှင့် ရတနာပုံအသင်းမှာ တတိယနေရာအတွက် မျှော်လင့်နိုင်မည် ဖြစ်သည်။

ယခုတစ်ပတ် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ် (၂၁)တွင် တန်းဆင်းတစ်နေရာအတွက် အပြိုင်ဖြစ်နေသည့် GFA အသင်းက အနိုင်ရပြီး စစ်ကိုင်းအသင်းက ရှုံးနိမ့်ခဲ့သောကြောင့် နောက်ဆုံးပွဲ မှာ အသက်ဝင်လာခြင်းဖြစ်သည်။ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ၂၀ မှတ် ရထားပြီး စစ်ကိုင်းအသင်းက အနိုင်ရရုံဖြင့် တန်းဆင်းဇုန်မှ လွတ်မြောက်မည် ဖြစ်သည်။ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**



ဆည်မြောင်းဌာန ဝန်ထမ်းများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် “ဖြူစင်သန့်ရှင်း” လုပ်အားဒါနကုသိုလ်ပြုအဖွဲ့၏ အကြိမ် ၁၀၀ မြောက် သန့်ရှင်းရေးလုပ်အားအဖြစ် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ စက်တင်ဘာ ၁၅ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မောင်မွှေး

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၅ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်**
**( ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် )**

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့ တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ(၁၅) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွာ စက်မှုဇုန်ရပ်ကွက်၊ လမ်းညာဘက် "မြတ်သိင်္ဂီ"ချည်မျှင်စက်နှင့် ကပ်လျက်ရှိ နေအိမ်မှ ကိုမိုးသည် မူးယစ်ဆေးဝါးများအား ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၉-၂၀၁၈ ရက်နေ့တွင် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်၊ "မြတ်သိင်္ဂီ" ချည်မျှင်စက်အနီးနေ ကိုအောင်ကျော်မိုး (ခ) ကိုမိုး (၄၁) နှစ်၊ (ဘ) ဦးဆန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းမည်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (၂) (မုံရွာ) မယ(ပ) ၁၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)၊ အုပ်စု (၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ် (၆) ခု၌ အမှု (၂၀) မှုတွင် တရားခံ ကျား (၂၀) ဦး၊ မ (၁) ဦး၊ ပေါင်း (၂၁) ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိကြောင်း တင်ပြပြီး၊ သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၁၅-၉-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းမိအမှုမှ ကွင်းဆက်ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့နယ်၊ ထန်နောင်ကျေးရွာနေ မမော်ကိုင်ဆင် (၃၆) နှစ်၊ (ဘ) ဦးမော်ဆိုင်ခွန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ) ၁၀၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ အင်းကြီး ရွာနေ ဒေါ်ဇီးကွက်၊ ဦးအုန်းမြင့်တို့သည် မူးယစ်ဆေးဝါးများအား အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၉-၂၀၁၈ ရက်နေ့တွင် ကသာမြို့နယ်၊ အင်းကြီးကျေးရွာနေ ဦးအုန်းမြင့် (၄၂) နှစ်၊ (ဘ) ဦးအုန်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ဇနီးဖြစ်သူ ဒေါ်မိုးရွှေ (၄၀) နှစ်၊ (ဘ) ဦးပြုံးအား WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အင်းရွာ) မယ(ပ) ၁၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းကျေးရွာရှိ ဆိုးပေ(ခ) မျိုးမင်းထွန်း (၃၇) နှစ်၊ (ဘ) ဦးကျော်ခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဇနီး မမိုးမိုးသူ (၃၁) နှစ်၊ (ဘ) ဦးသိန်းအောင်နှင့် အတူတွေ့ရှိရပြီး WY စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦးအား နမစ(အင်းရွာ) မယ(ပ) ၁၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာရှိ ဒေါ်ဇီးကွက် (၆၇) နှစ်၊ (ဘ) ဦးလှမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်း မရှိဘဲ သားဖြစ်သူ ဇော်လင်း (၃၅) နှစ်၊ (ဘ) ဦးထွန်းသောင်း အား တွေ့ရှိရပြီး WY စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ) မယ(ပ) ၁၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ခေါဇာမြို့ ရပ်ကွက် (၂) နေ အီဒန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၈ ရက်နေ့တွင် ရေးမြို့နယ်၊ ခေါဇာမြို့ ရပ်ကွက်(၂)၊ အမှတ် (၂၁) နေ အီဒန် (ခ) ရွှေသိန်း (၄၂) နှစ်၊ (ဘ) ဦးမောင်ရာ ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ခေါဇာ) မယ(ပ)၁၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျုံဝမ်းကျေးရွာနေ ဦးအဝဲသည် မူးယစ်ဆေးဝါးများအား အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၁၈ ရက်နေ့တွင် ကျိုက်မရောမြို့နယ်၊ ကျုံဝမ်းကျေးရွာသို့ သွားရောက်စဉ် လက်ပန်ကျေးရွာသွား ကားလမ်းအနီးရှိ လယ်တဲအား ဝင်ရောက်ရှာဖွေရာ သက်ဇော် (၃၀) နှစ်၊ (ဘ) ဦးလှမြင့်၊ ဇာသပြင် အနောက်ဘက်ကမ်းကျေးရွာ၊ ဘားအံ မြို့နယ်နေသူအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ကနဦး ဖမ်းဆီးရမိခဲ့ပြီး ၎င်းဆေးပြားများအား ကျုံဝမ်းကျေးရွာနေ အဝဲ(ခ) သန်းအောင်ထံမှ ဝယ်ယူ၍ ထိပ်နီ (၂၉) နှစ်၊ (ဘ) ဦးအောင်ခင်၊ လက်ပန်ကျေးရွာနေသူမှ ပို့ဆောင်ပေးသည့် ပစ္စည်းဖြစ်ကြောင်း သိရှိ၍ ထိပ်နီအား ၁၉၃၀ အချိန် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ (၂) ဦးအား မမစ (ကျိုက်မရော) မယ(ပ) ၁၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ အလားတူ ကျိုက်မရောမြို့နယ်၊ ကျုံဝမ်းကျေးရွာနေ အဝဲ(ခ)သန်းအောင် (၃၅)နှစ်၊ (ဘ) ဦးအေးသွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်း မရှိဘဲ ဇနီးဖြစ်သူ မနွယ်နွယ်ဝင်း (၃၃) နှစ်၊ (ဘ) ဦးလွန်းတင်အား တွေ့ရှိရပြီး ဘိန်းစာမှုန့်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦးအား မမစ (ကျိုက်မရော) မယ(ပ)၁၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ၁၆(ဂ)/ ၂၁ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ သစ်ပုံကျေးရွာနေ မောင်နီသည် မူးယစ်ဆေးဝါးများအား အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၉-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ သစ်ပုံကျေးရွာနေ ဦးမောင်နီ (၄၇) နှစ်၊ (ဘ)ဦးသာလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိရပြီး ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ) ၉၇/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ နှစ်ကရင် ကျေးရွာ၊ အကွက်(၄)၊ အမှတ် (၄၁)နေ ဒေါ်စန်းစန်းဝေ (ကုန်ခြောက်ဆိုင်ဖွင့်ထား)၊ အကွက်(၅)၊ အမှတ် (၁၆၈)နေ ပိုင်ပိုင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၉-၉-၂၀၁၈ ရက်နေ့တွင် ရေးမြို့နယ်၊ လမိုင်းမြို့ နှစ်ကရင်ကျေးရွာ၌ စုံစမ်းဆောင်ရွက်နေစဉ် မူးယစ်သတင်းအရ ဗိုလ်ချုပ်လမ်း၊ အကွက် (၁၂)၊ အမှတ် (၁၀၁) ရှိ ညီလင်းအောင် (ခ) ညီညီ (၂၇) နှစ်၊ (ဘ) ဦးစံသိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ပြည့်ဖြိုးအောင် (ခ) ပြည့်ပြည့် (၁၉)နှစ်၊ (ဘ)ဦးအောင်သန်းတို့အား တွေ့ရှိရပြီး ICE၊ WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား နမစ(လမိုင်း) မယ(ပ)၁၀/ ၂၀၁၈၊မူး/စိတ်ပုဒ်မ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၎င်းကျေးရွာ၊ အကွက်(၄)၊ အမှတ် (၄၁)ရှိ ပိုင်ပိုင် (ခ) ထူးသက်ပိုင်၏ မိခင်ဖြစ်သူ ဒေါ်စန်းဝေ (ခ) ဒေါ်စန်းစန်းဝေ(၄၉)နှစ်၊(ဘ)ဦးခွေးပု၏ ဈေးဆိုင်နှင့် အကွက်(၅)၊ အမှတ်(၁၆၈)ရှိ နေအိမ်တို့အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်နောက်ဖေးမီးဖိုခန်းအတွင်းမှ ICE ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား နမစ(လမိုင်း) မယ(ပ) ၁၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့ နယ်မြေ (၁)နေ ဦးထိန်လင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၈ ရက်နေ့တွင် ပျဉ်းမနားမြို့ ဇီဇဝါပန်းအဝိုင်းအနီး လျှို့ဝှက်စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်စီးနင်းလာသူ ထိန်လင်း (၄၁)နှစ်၊ (ဘ) ဦးတင်အောင်၊ နယ်မြေ(၁)၊ ဘောဂဝတီရပ်၊ ပျဉ်းမနားမြို့နေသူအား ရပ်တန့်ရှာဖွေရာ ၎င်းထံမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ခဲ(၁) ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(၁) (ဇမ္ဗူသီရိ) မယ(ပ)၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၂(ခ)ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းနေထိုင်သည့် ဘောဂဝတီရပ်ရှိ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများအား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိသဖြင့် မမစ (ပျဉ်းမနား) မယ(ပ)၂၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၅၁) ရပ်ကွက် (သပြေခြံကျူးကျော်ရပ်ကွက်) အောင်သစ္စာလမ်းတွင် နေထိုင်သော ဦးထွန်းဝင်း၏သား မောင်ဇော်မျိုးအောင်၊ ကျော်ကြီးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၉-၂၀၁၈ ရက်နေ့တွင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ (၅၁) ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၁၈/ခ)နေ ကျော်ကြီး (ခ)ကောင်းမြတ်သာ (၂၀)နှစ်၊ (ဘ)ဦးမြင့်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံမြောက်) မယ(ပ)၄၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ၁၀-၉-၂၀၁၈ ရက်နေ့တွင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ဗိုလ်မှူးဗထူးအိမ်ရာအနီး၌ စောင့်ဆိုင်းစစ်စစ်နေစဉ် ဇော်မျိုးအောင် (၂၄)နှစ်၊ (ဘ)ဦးထွန်းဝင်း၊ သရဖီလမ်း၊ (၅၀) ရပ်ကွက်၊ ဒဂုံ (မြောက်ပိုင်း) မြို့နယ်နေသူနှင့် ကျော်မင်း (၂၁)နှစ်၊ (ဘ)ဦးခင်မောင်စိုး၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေသူတို့အား တွေ့ရှိ၍ စိစစ်ရှာဖွေရာ ၎င်းတို့(၂)ဦးထံမှ WY စာတန်းပါ စိတ်ကြွဆေးပြားများတို့အား တွေ့ရှိ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်)မယ(ပ)၄၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ညောင်လည်ရွာနေ စိုးသူသည် မူးယစ်ဆေးဝါး/ ချဲထီ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၉-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ ညောင်လည်ကျေးရွာနေ စိုးသူ (၃၀)နှစ်၊ (ဘ)ဦးမြင့်လှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ မိခင်ဖြစ်သူ ဒေါ်နု (၅၉)နှစ်၊ (ဘ)ဦးသိန်းမောင်အား တွေ့ရှိရပြီး 88/1 စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဒေါ်နု(မိ)နှင့် စိုးသူ(တိမ်းရှောင်)တို့(၂)ဦးအား မမစ(ရေဦး) မယ(ပ)၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း၊ ထိုသို့ရှာဖွေစဉ် စိုးသူ၏ အိပ်ခန်းအတွင်းမှ ချဲထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက် စာတမ်းများ၊ လောင်းကြေးငွေ(၁၃၅၀၀၀/-) တို့အား တွေ့ရှိ သိမ်းဆည်းရမိသဖြင့် ဒေါ်နု(မိ)နှင့် စိုးသူ(တိမ်းရှောင်) တို့ (၂)ဦးအား မမစ(ရေဦး) (ပ)၂၃၈/ ၂၀၁၈၊ လောင်းကစား ဥပဒေပုဒ်မ ၁၅(က)/၁၆(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃၂)လမ်း၊ အမှတ်(၈၁)နေ အေးမင်းဝင်း (ခ) မင်းမင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၁၈ ရက်နေ့တွင် ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၉)ရပ်ကွက်၊ (၃၂) လမ်း၊ အမှတ်(၈၁) မြေညီထပ်နေ အေးမင်းဝင်း (၃၀)နှစ်၊ (ဘ)ဦးတန်တင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပန်းဘဲတန်း) မယ(ပ) ၁၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွာသစ်ကျေးရွာရှိ (၉၀၁) ဝန်း အတွင်းနေ ဒေါ်ကရင်မ သည် WY ဆေးပြားများအား (၁)ပြားလျှင် (၂၅၀၀/-)နှုန်းဖြင့် ဖြန့်ဖြူးရောင်းချနေကြောင်း၊ သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၁၈ ရက်နေ့တွင် မြဝတီမြို့နယ်၊ ရွာသစ်ကျေးရွာ၊ (၉၀၁)ဝန်းနေ ဒေါ်နော်မူး (ခ)ဒေါ်ကရင်မ (၅၅)နှစ်၊ (ဘ) ဦးချစ်ခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား သမက်ဖြစ်သူ သက်နိုင်(၃၄)နှစ်၊ (ဘ) ဦးကျော်ဆွေနှင့်အတူ နေအိမ်တွင် ရောက်ရှိနေသူ မခင်ပု(ခ)ဂျိုကာ (၅၅) နှစ်၊(ဘ)ဦးဆပုတို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများတို့အား တွေ့ရှိ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား နမစ (သင်္ကန်းညီနောင်) မယ(ပ)၂၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှအဆက်*

| | | |
|---|---|---|
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပန်တိုင်ကျေးရွာ၊ "ကျော်" မိသားစု ရေခဲစက်မှ ကိုကျော်အောင်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၁၈ ရက်နေ့တွင် ထန်းတပင်မြို့နယ်၊ ပန်တိုင်ကျေးရွာ၊ ရန်ကုန်-ပုသိမ်ကားလမ်းဘေး "ကျော်" မိသားစု ရေခဲစက်နေ ကျော်အောင် (၅၁) နှစ်၊ (ဘ)ဦးမြမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဓားဦးချွန် ဓားရှည်(၂)ချောင်းနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ(တက်သစ်) မယ(ပ)၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ရွှေကူ ရပ်ကွက်၊ ပန်းဘဲတန်းလမ်း၊ အမှတ်(၁၃၅) အပေါ် ထပ်နေ ဒေါ်ခင်အေးကြူနှင့် သား အောင်ကိုဇင် တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၁၄-၉-၂၀၁၈ ရက်နေ့တွင် ပြည်မြို့ ရွှေကူရပ်ကွက်၊ ပန်းဘဲတန်းလမ်း၊ အမှတ်(၁၃၅)နေ ဒေါ်ခင်အေးကြူ(၅၄)နှစ်၊ (ဘ)ဦးအုန်းမောင်နှင့် သားဖြစ်သူ အောင်ကိုဇင် (ခ) ကိုဇင် (၂၅)နှစ်၊ (ဘ)ဦးဌေးလှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၁) (ပြည်) မယ(ပ)၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု၊ သရက်ကုန်း ကျေးရွာတွင် မူးယစ်ဆေးဝါးများအား စည်ကားစွာ ဖြန့်ဖြူးရောင်းချလျက်ရှိ ကြောင်းနှင့် ရောင်းချသူများမှလည်း ၎င်းတို့အား ဖမ်းဆီးမှုမရှိဟု ပြောကြား နေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၉-၂၀၁၈ ရက်နေ့တွင် ကင်းဆိပ်ကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာရှိ သန်းထိုက်(ခ) ကပ္ပလီ (၂၆)နှစ်၊ (ဘ)ဦးတင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ မြင့်ဝင်း (ခ) အောင်ဖေ (၅၃) နှစ်၊ (ဘ)ဦးဌေး၊ ဘမြင့် (၃၇)နှစ်၊ (ဘ)ဦးသိန်းအောင်၊ တင်နိုင်ထွန်း (ခ)ရှမ်းပုတ်(၂၃)နှစ်၊ (ဘ)ဦးဆယ်တင်တို့အား WY စာတန်းပါစိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂)(တောင်ငူ) မယ(ပ) ၁၀/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ သိန်းထိုက် သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၉-၂၀၁၈ ရက်နေ့တွင် သာစည်မြို့ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ (၄၅) လမ်းထောင့်၊ အမှတ်(၄၁၉)ရှိ သိန်းထိုက်(ခ) ထိုက်ကြီး(၂၆)နှစ်၊ (ဘ) ဦးဘိုလေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ကျော်ဇင်ဟိန်း (၂၀)နှစ်၊ (ဘ)ဦးသန့်ဇော်၊ ဇင်လင်းဖြိုး (၂၂) နှစ်၊ (ဘ) ဦးစိန်ခင်တို့အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ရာ ၎င်းဆေးပြားများမှာ ချစ်ထွေး(၅၀)နှစ်၊ (ဘ) ဦးယွန်း၊ ကွမ်းခြံရိုးကျေးရွာ၊ သာစည်မြို့နယ်နေသူထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ချစ်ထွေး၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ ချစ်ထွေးအား တွေ့ရှိခြင်းမရှိဘဲ ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိသဖြင့် ၎င်းတို့(၄)ဦးအား မမစ (သာစည်) မယ(ပ)၁၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာမှ ဦးမောင်ကျော်နှင့် ဇနီး ဒေါ်မိနွယ်တို့၏သား ကိုပေါက်စသည် မူးယစ်ဆေးဝါးများကို သုံးစွဲဖြန့်ဖြူး ရောင်းချနေကြောင်းနှင့် သုံးစွဲပြီးလျှင် လည်း တစ်ရွာလုံးကို ဓားကိုင်ပြီး စိန်ခေါ်ကာ သောင်းကျန်းနေကြောင်း သတင်း ပေးပို့ခြင်း။ | ၁၂-၉-၂၀၁၈ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ ပေါက်စ (ခ) အောင်ကိုကို (၁၇)နှစ်၊ (ဘ) ဦးတင်မောင်ကျော်၏ နေအိမ်အား ရှာဖွေရန် သွားရောက်စဉ် ၎င်းအား နေအိမ်အနီး လမ်းမပေါ်၌ တွေ့ရှိသဖြင့် စစ်ဆေးရာ ဘောင်းဘီအိတ်ကပ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများ ရှာဖွေတွေ့ရှိသဖြင့် ၎င်းအား ခေါ်ဆောင်၍ နေအိမ်၌ ဆက်လက်ရှာဖွေရာ နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဓားဦးချွန်(၂) ချောင်းတို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မမစ(ပ) ၃၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဝက်ပုတ်မြို့ ရွှေတမာကွက်သစ်နေ ကိုမင်းမင်း နှင့် ဇနီး မခင်လေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချလျက် ရှိကြောင်းနှင့် မူးယစ်ဆေးဝါးများအား ပေါင်းတည်မြို့နယ်၊ ကျွန်းကုန်းကျေးရွာရှိ ကိုဝင်းအောင် အိမ်တွင်လည်း ထားတတ်ကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၉-၂၀၁၈ ရက်နေ့တွင် ပေါင်းတည်မြို့နယ်၊ ကျွန်းကုန်းကျေးရွာနေ ဦးဝင်းအောင် (၅၅)နှစ်၊ (ဘ)ဦးမောင်ဒွေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ရာ အဆိုပါမူးယစ်ဆေးဝါးများမှာ သဲကုန်းမြို့နယ်၊ ဝက်ပုတ်မြို့ ရွှေတမာကွက်သစ်နေ ဦးမင်းမင်း (၄၀)နှစ်၊ (ဘ) ဦးအောင်ကြီးနှင့် ၎င်း၏ ဇနီး ဒေါ်ခင်ခင်လေး (ခ) ခင်လေး (၅၉)နှစ်၊ (ဘ)ဦးမောင်ဒွေးတို့မှ ရောင်းချရန် ပို့ဆောင်ထားသော ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နေအိမ်အား ရှာဖွေရာ ဦးမင်းမင်းနှင့်ဇနီး ဒေါ်ခင်ခင်လေးတို့အား တွေ့ရှိပြီး မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု မရှိသော်လည်း ၎င်းတို့(၃)ဦး အား မမစ(ပေါင်းတည်) မယ(ပ)၁/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၉ | ဘိုကလေးမြို့ (၄)ရပ်ကွက်၊ (၇)လမ်း၊ A(1)အရက်ဆိုင်အနီး ည ၁၀ နာရီ ဝန်းကျင်တွင် ဆိုင်ကယ်(သို့) ဘက်ထရီ စက်ဘီးနှင့် စောင့်၍ ဖုန်းနှင့် အချိတ် အဆက်ပြုလုပ်ပြီး မူးယစ်ဆေးဝါး ရောင်းချ နေကြောင်းနှင့် ၎င်းရပ်ကွက်နေ ဖိုးသက် သည် မူးယစ်ဆေးဝါးများ ရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၉-၂၀၁၈ ရက်နေ့တွင် ဘိုကလေးမြို့ (၄)ရပ်ကွက်၊ မီးစက်ရုံ (ရာကျော် လမ်း)၊ အိမ်အမှတ်(၃၀/င)နေ ကျော်မင်းသော် (ခ)ဖိုးသက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူ၊ ဆေးခြောက်တို့နှင့်အတူ ဖမ်းဆီးရမိ၍ စိစစ်ရာ အဆိုပါ ဆေးပြားများမှာ အမှတ်(၃) ရပ်ကွက်၊ ရွှေသွယ်ရင်လမ်းနေ အမ္ဘာညီအစ်ကိုဖြစ်သော စောရန်နောင် (ခ)အကြီးကောင် (၂၃)နှစ်၊ စောရန်နိုင် (ခ)အငယ်ကောင် (၂၃)နှစ်၊ (ဘ)ဦးတင်ထွဋ် တို့(၂)ဦးနှင့် အမှတ်(၄)ရပ်ကွက်၊ (၇)လမ်းနေ မောင်ဘိုဘိုမင်းနိုင် (၂၇) နှစ်၊ (ဘ) ဦးမောင်မောင်နိုင်တို့(၃) ဦးထံမှ ဝယ်ယူရရှိခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့(၄) ဦးအား မမစ(ဘိုကလေး) မယ(ပ)၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နောင်ပကျစ်ရပ်ကွက်၊ မြေနီကုန်းရပ်(စစ်မှု ထမ်းဟောင်းအိမ်ရာ)တွင် နေထိုင်သူ ဒေါ်မိုးထွေး သည် ဘိန်းဖြူများနှင့် WY ဆေးပြားများအား ရောင်းဝယ် ဖြန့်ဖြူးနေ ကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ နောင်ပကျစ်ရပ်ကွက်၊ မြေနီကုန်းရပ်၊ ခိုပဲဝရပ်ကွက်နေ ဒေါ်မိုးထွေး (၃၇)နှစ်၊ (ဘ)ဦးမြမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟုမ္မလင်း) မယ(ပ)၈၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၂၁ | တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီ မြို့နယ်၊ ဘန်းလမွတ်ကျေးရွာနေ ဒေါ်ဌေးငယ် (ခ) ဒေါ်လှဲ့လှဲ့ဌေး(ဘ) ဦးထွန်းရှင်နှင့် ကမ်းတိုကျေးရွာနေ ဒေါ်စန်းယု (ဘ) ဦးလေးမောင် တို့သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၁၈ ရက်နေ့တွင် တနင်္သာရီမြို့နယ်၊ ကမ်းတိုကျေးရွာနေ ဒေါ်စန်းယု (၃၉)နှစ်၊ (ဘ)ဦးလေးမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စည်သူဟန် (၃၄)နှစ်၊ (ဘ)ဦးသိန်းဟန်၊ ရေပုန်းရပ်ကွက်၊ မြိတ်မြို့ မကေသွယ် (ခ)မိကေ (၃၈)နှစ်၊ (ဘ)ဦးသန့်ဇင်၊ ရွှေပြည်တန်ရပ်ကွက်၊ မြိတ်မြို့နှင့် မြတ်လု (ခ)တာတေ (၃၀)နှစ်၊ (ဘ)ဦးဘုန်းစိန်၊ ရေပုန်းရပ်ကွက်၊ မြိတ်မြို့နေသူ တို့(၄)ဦးအား ဘိန်းစာမှုန့် တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၄)ဦးအား မမစ(တနင်္သာရီ) မယ(ပ)၂၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း၊ အလားတူ တနင်္သာရီမြို့နယ်၊ ဘန်းလမွတ်ကျေးရွာနေ ဒေါ်ဌေးငယ် (ခ) ဒေါ်လှဲ့လှဲ့ဌေး (၄၃)နှစ်၊ (ဘ) ဦးထွန်းရှင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တနင်္သာရီ) မယ(ပ) ၂၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူ ဆောင်ရွက်ခဲ့ပါသည်။ |
| ၂၂ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွယ်လုံအုပ်စု၊ ကတ်ဝိုးကျေးရွာနှင့် အနီး တစ်ဝိုက်ရှိကျေးရွာများတွင် မူးယစ်ဆေးဝါး များ ဖြန့်ဖြူးရောင်းချသုံးစွဲသူများ ပေါ်များ နေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၉-၂၀၁၈ ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ လွယ်လုံအုပ်စု၊ ကတ်ဝိုးကျေးရွာနေ လီဒါး (၄၀)နှစ်၊ (ဘ) ဦးလီဂျာ (မူးယစ်တရားခံပြေး) ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ နေအိမ်ရှေ့စပါးကျီအတွင်းမှ ဘိန်းစိမ်းများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် လီဒါး (တိမ်းရှောင်) အား မမစ(ကျိုင်းတုံ) မယ(ပ) ၁၈၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ဦးကျော်သန်း(ခ) ငအေး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၉-၂၀၁၈ ရက်နေ့တွင် ကလေးမြို့နယ်၊ ကံကြီးကျေးရွာ အနောက်ဖက် (၃)မိုင်ခန့်အကွာရှိ ငအေး(ခ) ကျော်သန်း (၄၇)နှစ် (ဘ)ဦးအောင်ကြိုင်၏ လယ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ သားမက်ဖြစ်သူ နေဇင်ထွန်း (၂၅)နှစ်၊ (ဘ)ဦးကြွယ်ဘော၊ သားဖြစ်သူ ထိုက်သူအောင် (၁၉)နှစ်၊ (ဘ)ဦးကျော်သန်း (ခ)ငအေးနှင့် တစ်ရွာတည်းနေ ရှိုင်းလင်း အောင် (၁၉)နှစ်၊ (ဘ)ဦးကျော်သိန်း၊ အောင်ဆန်းမင်း (၁၉)နှစ်၊ (ဘ) ဦးဘကြည် တို့(၄)ဦးအား ဘိန်းဖြူ၊ တူမီး သေနတ် (၄)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၄)ဦးအား မမစ(ကလေး) မယ(ပ)၁၃၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၂(ခ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၄ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ တာတီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၉-၂၀၁၈ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ပိတောက်မြိုင်လမ်းမပေါ်တွင် စောင့်ဆိုင်းစိစစ်နေစဉ် ပြည့်ဖြိုးအောင် (ခ) တာတီး (၁၉)နှစ်၊ (ဘ)ဦးကြာစိ၊ နယ်မြေ(၁၆)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူအား တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ ၎င်းထံမှ WY ဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ) ၁၁၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၂၅ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီး မြို့နယ်၊ သံတဲအုပ်စု၊ သာသာနာပုံး ကျေးရွာနေ စိုင်းပီး သည် မူးယစ်ဆေးဝါး များ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၁၄-၉-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ သံတဲအုပ်စု၊ သာသာနာပုံး ကျေးရွာနေ စိုင်းပီး (၂၇)နှစ်၊ (ဘ)ဦးလုံးပြား၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီး ရမိသဖြင့် နမစ(ရွှေညောင်) မယ(ပ)၂၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၆ | ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာလေ မြို့နယ်၊ ပါးခမ်းလုံကျေးရွာနေ သူကြီး ဟောင်း ပီစံသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၁၃-၉-၂၀၁၈ ရက်နေ့တွင် တာလေမြို့နယ်၊ ပါးခမ်းလုံကျေးရွာနေ ပီစံ(ခ) အိုက်ဆမ် (၆၂)နှစ်၊ (ဘ)ဦးလုံးစု၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ကျော်ဝင်းလှိုင် (၄၂)နှစ်၊ (ဘ)ဦးကျော်တင့်၊ ဘမြင့်(၄၀)နှစ်၊ (ဘ)ဦးမောင်ကြိုင်၊ ကျော်စိန်ဝင်း (၄၃)နှစ်၊ (ဘ) ဦးကျော်ရှိန်၊ အုတ်ကျင်းရပ်ကွက်၊ တာလေမြို့နှင့် နေလင်းဦး (၂၇)နှစ်၊ (ဘ) ဦးချစ်လှ၊ အောင်လှိုင်သင်းကျေးရွာ၊ တာလေမြို့နေသူတို့(၅)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲ၊ ဘိန်းစိမ်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တာလေ) မယ(ပ)၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၂၇ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ငါးအိုးအုပ်စု၊ ဥယျာဉ်ကျေးရွာနေ ဦးမြင့်ကို၊ ဦးအောင်သူဝင်း၊ ဦးဇော်ထွန်းနှင့် ပြချောင်းရွာနေ ဦးသက်ထွန်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၈ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ဥယျာဉ်ကျေးရွာနေ ဦးမြင့်ကို (၂၇)နှစ်၊ (ဘ)ဦးမောင်ငွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(မဘိမ်း)မယ(ပ)၈၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ အလားတူ တစ်ရွာတည်းနေ အောင်သူဝင်း(၂၄)နှစ်၊ (ဘ)ဦးမြဝင်း၏ လယ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ (ပ) ၉၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ တစ်ရွာတည်းနေ ဇော်ထွန်း (၃၆)နှစ်၊ (ဘ)ဦးညိုဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ)၉၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ဇော်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေစဉ် နေအိမ်ခြံဝန်း အတွင်း ဦးတင်ဝင်း (၄၂)နှစ်၊ (ဘ)ဦးသန်းလှအား တွေ့ရှိသဖြင့် ရှာဖွေရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိ သဖြင့် ၎င်းအား မမစ (မဘိမ်း) မယ(ပ)၉၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ မဘိမ်း- ငါးအိုးသွားကားလမ်း၊ ဥယျာဉ်ကျေးရွာအနီး စောင့်ဆိုင်းစိစစ်နေစဉ် ဇော်မျိုးအောင် (၃၆)နှစ်၊ (ဘ)ဦးကြည်ညို၊ ဘွက်ကျေးရွာ၊ မဘိမ်းမြို့နေသူအား တွေ့ရှိသဖြင့် စိစစ် ရှာဖွေရာ ၎င်းအား အင်္ကျီ အိတ်ကပ်အတွင်းမှ WY စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ) ၉၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ အလားတူ မဘိမ်း မြို့နယ်၊ ပြချောင်းကျေးရွာနေ သက်ထွန်း (၃၄)နှစ်၊ (ဘ)ဦးညွန့်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(မဘိမ်း) မယ(ပ) ၉၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူ ထားရှိပါသည်။ |

*စာမျက်နှာ ၁၃ သို့*

# ခရီးသွားလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်နေပြီး အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေး လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ခရီးသွားဒေသအသစ် ဖော်ထုတ်ရေး စီမံထားပါတယ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

## ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့်ပတ်သက်၍ “နိုင်ငံစီးပွားခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်” ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်
(ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)



ဒေါ်ခင်သန်းဝင်း
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)



ဒေါ်မေမြတ်မွန်ဝင်း
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း)



ဦးခင်ဇော်
(အကြံပေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်)



ဦးသက်လွင်တိုး
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရှင်များအသင်း)



ဦးအောင်မျိုးမင်းဒင်
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင် များအသင်း)

**ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ပတ်သက်၍ “နိုင်ငံစီးပွားခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်” ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဒေါ်မေမြတ်မွန်ဝင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း)၊ ဦးခင်ဇော်(အကြံပေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်)၊ ဦးသက်လွင်တိုး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း)နှင့် ဦးအောင်မျိုးမင်းဒင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း) တို့က ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**အစီအစဉ်မှူး။ ။အခုတစ်ပတ် စီးပွားရေးစကားဝိုင်းမှာ နိုင်ငံစီးပွား ခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်ဆိုတဲ့ ခေါင်းစဉ်နဲ့ စီးပွားရေးစကားဝိုင်းကို စတင်ကြမှာဖြစ်ပါတယ်။ ပထမဦးစွာ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုအကျဉ်းကို ပြောကြားပေးပါ။**

**ပြည်ထောင်စုဝန်ကြီး။** ။ကျွန်တော်တို့ ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ အခုလောလောဆယ်မှာ မူဝါဒပိုင်းနဲ့ ပတ်သက်လို့ကတော့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဖြစ်တဲ့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဦးစီးတဲ့ အဖွဲ့ရဲ့ အတည်ပြုချက်နဲ့ အမျိုးသားခရီးသွားမူဝါဒ ( National Tourism Policy) ခြောက်ရပ်ကို ချမှတ်ပြီးတော့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတယ်။ အဓိကအားဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ခရီးသွားဒေသအသစ် ဖော်ထုတ်ဖို့အတွက် စီမံထားရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ခရီးသွားလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် နိုင်ငံခြားငွေရှာဖွေပေးတဲ့ အဓိကအဖွဲ့မဟုတ်သော်လည်းဘဲ အဖွဲ့ဝင်တစ်ခုအနေနဲ့ ကျွန်တော်တို့ ကမ္ဘာလှည့်ခရီးသည်တွေဆီကနေ နိုင်ငံခြားငွေရရှိရေးအတွက် ကြိုးစားလုပ်ဆောင်နေပါတယ်။ ခရီးသွားလာရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသားအားလုံးရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ ဓလေ့ထုံးစံတွေ၊ ရေမြေတောတောင်၊ သဘာဝအလှအပတွေ အဲဒီဟာတွေကိုလည်း ပြုပြင်ထိန်းသိမ်းရင်း ပုဂ္ဂလိကအပိုင်းက ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ နိုင်ငံတော်ရဲ့အကျိုးကို ဦးထိပ်ထားပြီး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရေး အစရှိတဲ့ ခရီးသွားလုပ်ငန်း မူဝါဒလုပ်ငန်းခြောက်ခုကို အခြေခံချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။

ခရီးသွားလုပ်ငန်းကို တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေမှာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာဖို့ဆိုရင် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖို့၊ ဒေသခံပြည်သူတွေ တိုက်ရိုက်အကျိုးကျေးဇူးခံစားနိုင်ဖို့၊ ဒီလို အကျိုးရှိစေဖို့ ရပ်ရွာတွေမှာ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း (Community Base Tourism - CBT) လုပ်ငန်းတို့၊ Eco Tourism လုပ်ငန်းတို့ ဖော်ဆောင်ရပါမယ်။ ဒီလိုဖော်ဆောင်တာတွေကိုလည်း စပြီးလုပ်နေပါပြီ။ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက်ကို အဓိက လက်တွေ့လုပ်နေတဲ့ မြန်မာခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရဲ့ အကြံပေး ဦးခင်ဇော်က ကျိုက္ကလဲကျေးရွာမှာ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း လုပ်နေပါပြီ။ ဒီလိုလုပ်ဆောင်နေတာနဲ့ ပတ်သက်ပြီး ဦးခင်ဇော်က ပြည်သူတွေသိအောင် ရှင်းပြပေးပါ။

**ဦးခင်ဇော်။** ။အခု ကမ္ဘာ့အနောက်ပိုင်းကလာတဲ့ ကမ္ဘာ့လှည့်ခရီးသည်တွေဟာ ဒေသတစ်ခုကို သွားရင် အဲဒီဒေသက လူတွေ ဘာအကျိုးရှိမလဲဆိုတာကို စဉ်းစားပြီး လာရောက်လည်ပတ်ကြတယ်။ ပြီးရင် အဲဒီဒေသမှာရှိတဲ့ ပြည်သူတွေရဲ့ အတွေ့အကြုံတွေကို ပြန်ပြီးယူဆောင်သွားကြတယ်။ ဒါကြောင့်မို့ အဲဒီဒေသရဲ့ ခရီးသွားလုပ်ငန်းက ဘာတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမလဲဆိုရင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းရယ်၊ Eco Tourism စတဲ့ သဘာဝကို အခြေခံတဲ့ ခရီးသွားလုပ်ငန်းတွေကို Promotion လုပ်ပေးပြီးတော့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုရင် ကမ္ဘာ့အနောက်ပိုင်းက ခရီးသွားပိုလာမယ်။

အရှေ့တိုင်းကလည်း ASEAN Plus Three နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ ကိုရီးယားနဲ့ တရုတ်နိုင်ငံတို့ကလည်း လူမှုအဖွဲ့အစည်းတွေ ဘယ်လိုနေထိုင်စားသောက်ကြသလဲ။ ဒါတွေကို သူတို့က ပိုပြီးတော့ သိချင်တဲ့အတွက် သူတို့လွယ်လွယ်ကူကူ လာရောက်လေ့လာနိုင်အောင် ဝန်ကြီးဌာနအနေနဲ့ အစီအမံတွေ ပြုလုပ်ထားတယ်လို့ သိရပါတယ်။

**အစီအစဉ်မှူး။ ။ဆက်လက်ပြီးတော့ ဟိုတယ်နဲ့ ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပေးပါ။**

**ဒေါ်ခင်သန်းဝင်း။** ။ကျွန်မတို့ရဲ့ ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်တဲ့လုပ်ငန်းလို့ တင်စားခေါ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခရီးသွားလုပ်ငန်းက နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုနေပါတယ်။ ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်လို့ ခရီးသွားလုပ်ငန်းက တစ်တပ်တစ်အားနဲ့ ပါဝင်ပံ့ပိုး ပေးနေပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ပြောချင်တာက ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိက အဖွဲ့အစည်းတွေဖြစ်တဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရယ်၊ ညီနောင်အသင်း ၁၁ သင်းရယ်နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ လတ်တလောမှာ Implementation အပိုင်းတွေကို ဆောင်ရွက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းကို ရေးဆွဲထားခဲ့တယ်။ ဒီနောက်ပိုင်းမှာလည်း တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း စတဲ့ Policy Document တွေကို ရေးဆွဲခဲ့တယ်။ ခုချိန်မှာတော့ ရေးဆွဲခဲ့တဲ့ Policy တွေကို ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဝန်ကြီးဌာနက အဓိက ဆောင်ရွက်နေတာကတော့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ဈေးကွက်ရှာဖွေရေးတွေမှာ ပုဂ္ဂလိကအဖွဲ့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတယ်။ ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။ ။မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းအနေနဲ့လည်း ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို ဆွေးနွေးပေးပါ။**

**ဒေါ်မေမြတ်မွန်ဝင်း။** ။ကျွန်မတို့အသင်းကို ၁၉၉၆ ခုနှစ်မှာ Myanmar Marketing Company ဆိုပြီး တည်ထောင်ခဲ့တယ်။ အဲဒီအချိန်က မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းကလည်း အစဦးအချိန်ဆိုတော့ ခက်ခက်ခဲခဲလုပ်ခဲ့ပါတယ်။ ပြီးတော့ အရင်းအမြစ် resources ကလည်း တကယ်ကို Limited ဖြစ်နေတယ်။ အဲဒီလိုအခြေအနေကတည်းကစပြီး ခရီးသွားလုပ်ငန်းကို Promote လုပ်ခဲ့တာ။ အခုတော့ Myanmar Tourism Marketing Association ဆိုပြီး ပြောင်းလဲလုပ်ကိုင်ခဲ့တယ်။ ပိုပြီးတော့ ခိုင်ခိုင်မာမာနဲ့၊ အင်အားကောင်းကောင်းနဲ့ ဆက်တိုက်လုပ်နေပါတယ်။ တောက်လျှောက်လုပ်လာတဲ့အချိန်မှာ ကျွန်မအနေနဲ့ ထူးခြားတဲ့ ပြောင်းလဲမှုကို လေ့လာတွေ့ရှိပါတယ်။ အခု နှစ်နှစ်၊ သုံးနှစ် ပတ်ဝန်းကျင်မှာ ဝန်ကြီးဌာနဘက်က ကျွန်မတို့ ခရီးသွားလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ Private ကဏ္ဍကို ပံ့ပိုးပေးလာတာ တွေ့ရတယ်။ ဝန်ကြီးဌာနနဲ့ ကျွန်မတို့ Private အဖွဲ့တွေ ပေါင်းပြီးတော့ မြန်မာနိုင်ငံကို ခရီးစဉ် Destination တစ်ခုအနေနဲ့ ပြည်ပမှာ ခရီးသွားတွေ မြန်မာနိုင်ငံကို လာချင်အောင် Demand Create လုပ်ရပါတယ်။ ဒီလိုအခြေအနေမှာ အားပိုလာတာကို တွေ့ရတယ်။ အခုကနေစပြီး ရှေ့ကို အားပိုပါလာမယ်လို့ ထင်ပါတယ်။

ဥပမာအနေနဲ့ဆိုရင် အရင်ကဆို Travel Show ကို တစ်နှစ်ကို လေးခါလောက် သွားတယ်။ Limit ရှိတယ်။ ဒီနှစ်ဆိုရင် Travel Show ကို ၁၉ ခုလောက် သွားဖို့ စီစဉ်ထားတာရှိပါတယ်။ ဒီဟာတွေကလည်း Target Market မတူဘူး။ အာရှ၊ ကိုရီးယား၊ ဂျပန်၊ ဥရောပ၊ သြစတြေးလျ စသဖြင့်ပေါ့။ Target ထားတဲ့ soft market တွေကို ချိန်ပြီးတော့ ခရီးသွားပြပွဲတွေကို ပါဝင်ပြသဖို့ စီစဉ်ထားတယ်။

အခုဆိုရင် မြန်မာနိုင်ငံရဲ့ Tourism Planning ကို ပြန်ပြီး Launch လုပ်ဖို့ရှိတယ်။ နိုင်ငံတိုင်းက ခရီးစဉ်ဒေသတွေကို အပြိုင်အဆိုင် လုပ်လာရတယ်။ အားလုံးက Digital ဘက်ကို သွားနေတယ်။ end consumer နဲ့ တိုက်ရိုက်ထိတွေ့နေရတဲ့ အခြေအနေဖြစ်ပါတယ်။ နည်းပညာတွေ ပြောင်းလဲလာပြီးတော့ အားလုံးဟာ အင်တာနက်နဲ့၊ မိုဘိုင်းဖုန်းနဲ့ သုံးလာတဲ့အခါမှာ Digital Platform ပေါ်ကို ရောက်အောင် တွန်းပြီးတော့၊ ဒီ Digital Platform ပေါ်ကနေ marketing တွေရအောင် ဆက်လုပ်သွားမယ်။

**အစီအစဉ်မှူး။ ။မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းကလည်း ဆက်ပြီး ဆွေးနွေးပေးပါ။**

**ဦးသက်လွင်တိုး။** ။မမွန်တို့ အဖွဲ့က ရေကောင်းရေသန့်ရှာတဲ့ အဖွဲ့လို့ ဆိုရမှာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) အား ၂၀၀၂ ခုနှစ်ကတည်းက Tour Operator တွေနဲ့ ဖွဲ့စည်းခဲ့တဲ့ NGO အသင်းကြီးတစ်ခုဖြစ်ပါတယ်။ ယခုအခါ Tour Operator ၉၀၀ နီးပါး ပါဝင်တဲ့ UMTA အသင်းကတော့ ရလာတဲ့ ရေကောင်းရေသန့်လို့ခေါ်တဲ့ ခရီးသွားတွေကို ရေခွက်နဲ့တူတဲ့ service provider လို့ခေါ်တဲ့ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေနဲ့ ဆက်သွယ်ပေးရတဲ့ ရေပိုက်နဲ့တူပါတယ်။ အားလုံးတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်တဲ့အခါ စိန်ခေါ်မှုတွေလည်း အများကြီး ရှိပါတယ်။ ကျွန်တော်တို့ရဲ့ မိခင်ဝန်ကြီးဌာနနဲ့ ဆက်စပ်ဝန်ကြီးဌာနတွေဟာ လိုအပ်တဲ့ policy ပိုင်းတွေကို ထိန်းညှိပေးရတာပေ့ါ။ ဒါကို all inclusive tourism လို့ သုံးနှုန်းကြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ အခက်အခဲပေါင်းစုံ ကြုံတွေ့နေရချိန်မှာ Tourism ဟာ Export Earning ကို အထိရောက်ဆုံးရှာပေးနိုင်တဲ့ ကဏ္ဍကြီးတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ Inbound tourism ကို ပိုမိုပြီး တိုးမြှင့်ဆောင်ရွက်ဖို့အတွက် ဖြေလျှော့မှုတွေ၊ လိုအပ်တဲ့ policy ကိစ္စတွေကို ဒီနေ့စကားဝိုင်းမှာ ဆွေးနွေးကြတယ်။ ပြည်သူတွေကလည်း ဒါတွေကို စိတ်ဝင်စားကြတယ်။ tourism နဲ့ ပတ်သက်တဲ့အရှေ့မှာ ဘာတွေကို ထူးထူးခြားခြား လုပ်နိုင်ကြမလဲဆိုတာ ဆွေးနွေးကြမယ်။

**အစီအစဉ်မှူး။ ။ဆွေးနွေးဖို့ ကျန်နေတဲ့ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း အနေနဲ့လည်း ဆွေးနွေးပေးပါ။**

**ဦးအောင်မျိုးမင်းဒင်။** ။မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းကို ၂၀၀၃ ခုနှစ်ကနေစပြီး တည်ထောင်ခဲ့တာပါ။ အခုဆိုရင် ၁၆ နှစ်ရှိသွားပါပြီ။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ လက်ရှိဟိုတယ်ဇုန် ၁၉ ဇုန်နဲ့ ကျွန်တော်တို့အသင်းကို တည်ဆောက်ထားပါတယ်။ အဓိက ကော်မတီခြောက်ရပ်နဲ့ ဖွဲ့စည်းထားတယ်။ အရေးကြီးဆုံးကော်မတီနှစ်ခုကတော့၊ အဓိက Actively လုပ်ဆောင်နေတဲ့ ကော်မတီနှစ်ခုကတော့ ခုနက ဝန်ကြီးဆွေးနွေးသွားတဲ့ အထဲမှာလည်း ပါပါတယ်။

**ရှင်မင်း** ***(ဆက်လက်ဖော်ပြပါမည်)***

(ဆက်လက်ဖော်ပြပါမည်)

> **“ဝန်ကြီးဌာနအနေနဲ့ ခရီးသွားလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် နိုင်ငံခြားငွေရှာဖွေပေးတဲ့ အဓိကအဖွဲ့ မဟုတ်သော်လည်းဘဲ အဖွဲ့ဝင်တစ်ခုအနေနဲ့ ကျွန်တော်တို့ ကမ္ဘာလှည့်ခရီးသည်တွေဆီကနေ နိုင်ငံခြားငွေရရှိရေးအတွက် ကြိုးစားလုပ်ဆောင်နေပါတယ်။ ခရီးသွားလာရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသားအားလုံးရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ ဓလေ့ထုံးစံတွေ၊ ရေမြေတောတောင်၊ သဘာဝအလှအပတွေ အဲဒီဟာတွေကိုလည်း ပြုပြင်ထိန်းသိမ်းရင်း ပုဂ္ဂလိကအပိုင်းက ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ နိုင်ငံတော်ရဲ့အကျိုးကို ဦးထိပ်ထားပြီး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရေး အစရှိတဲ့ ခရီးသွားလုပ်ငန်း မူဝါဒလုပ်ငန်းခြောက်ခုကို အခြေခံချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်”**

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၇

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်

**မိဘပြည်သူအပေါင်းတို့ ခင်ဗျား**

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တစ်ပြိုင်နက်တည်း မိဘပြည်သူအပေါင်း၊ ငြိမ်းချမ်းစွာ၊ လွတ်လပ်စွာ၊ အပူအပင်ကင်းစွာ ပရိယေသနဝမ်းစာများ ရှာဖွေဖြည့်တင်းနိုင်ကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ငြိမ်းချမ်းတဲ့ လွတ်လပ်တဲ့ တန်းတူတဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို တောင်းဆိုတယ်။ အဲဒီအတွက် ဘယ်လောက် အကန့်အသတ် အဟန့်အတားတွေရှိရှိ ကျော်လွှားဖို့ ရုန်းကန်တယ်။ ရုန်းကန်ဆဲလည်း ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးကနေ စတင်တွက်ရင် ကျွန်တော်တို့ပါတီရဲ့ရုန်းကန်မှုက နှစ်ပေါင်း ၃၀ ကျော်ခဲ့ပါပြီ။ နှစ်ပေါင်း ၃၀ ကျော်လုံးလုံး ကျွန်တော်တို့ဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်း လွတ်လပ်ဖို့ တန်းတူဖို့ တရားမျှတမှုတွေ ဖြစ်ထွန်းတိုးတက်ဖို့ ငြိမ်းချမ်းဖို့အတွက် ရုန်းကန်တဲ့ဖြစ်စဉ်တစ်လျှောက် ဒီဖြစ်စဉ်တွေနဲ့ တစ်ရက်မှကင်းကွာခဲ့တာ မရှိခဲ့ဘူး။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ**

ဒီကနေ့မှာဆိုရင် ကျွန်တော်တို့လူ့အဖွဲ့အစည်းဟာ လွတ်လပ်မှုဆီဦးတည်တဲ့ တန်းတူမှုနဲ့ တရားမျှတမှုဆီ ဦးတည်ကြိုးပမ်းနိုင်တဲ့ အခွင့်အလမ်းတွေ ပိုမိုဖြစ်ထွန်းနေပြီလို့ ပြောဆိုနိုင်ပါပြီ။ သို့ပေမယ့် ကျွန်တော်တို့အများကြီးဆက်လက် ရုန်းကန်ကြရပါဦးမယ်။ ဆက်ပြီး မဆုတ်မနစ် ရုန်းကန်မယ်လို့လည်း သန္နိဋ္ဌာန်ခိုင်ခိုင်မာမာချထားပြီး ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်း တင်းပြည့်ကျပ်ပြည့် လွတ်လပ်ဖို့ လိုတယ်။ တင်းပြည့်ကျပ်ပြည့် တန်းတူမှုရှိဖို့လိုတယ်။ တရားမျှတမှု တင်းပြည့်ကျပ်ပြည့်ရှိဖို့လိုတယ်။ ဒါမှသာ ကျွန်တော်တို့ပြည်သူတွေ ကျွန်တော်တို့တစ်တွေ ငြိမ်းချမ်းမှုကို ပြည့်ပြည့်ဝဝ ခံစားနိုင်မှာဖြစ်တယ်။ စိုးရိမ်ကြောင့်ကြမှုကင်းကင်း လွတ်လပ်မှုရှိရှိ ပရိယေသနဝမ်းစာ ရှာမှီးနိုင်မှာဖြစ်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ တိုင်းကျိုး ပြည်ကျိုးကို ဝိုင်းဝန်းသယ်ပိုးနိုင်ကြမှာ ဖြစ်တယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ**

ဒီကနေ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမယ်၊ နိုင်ငံရေးမယ်၊ စီးပွားရေးမယ်၊ လူမှုရေးမယ် တန်းတူညီမျှမှု ကင်းမဲ့နေတာ Level Playing Field လို့ခေါ်တဲ့ တန်းတူရည်တူ ယှဉ်ပြိုင်ဆောင်ရွက်ခွင့်တွေ ပျောက်နေတာ၊ အာဏာရှိသူနဲ့ အာဏာမဲ့သူအကြား၊ ခနဉ်စွာ ပစ္စည်းချမ်းသာသူနဲ့ ခနဉ်စွာပစ္စည်းမဲ့သူတို့အကြား အခွင့်အလမ်းတွေ ကွဲပြားခြားနားနေတာ၊ ဒါတွေအပြင် လူမျိုးရေးအရ ဘာသာရေးအရ လိင်အရ ခွဲခြားဆက်ဆံမှုတွေ ရှိနေတာ၊ လူ့ဂုဏ်သိက္ခာ လူမှုအခွင့်အရေးတွေ ဆုံးရှုံးနေကြရတာတွေကို မိဘပြည်သူတို့ နေ့စဉ်နဲ့အမျှ ကြားနေမြင်နေကြရပါမယ်။ ကျွန်တော်တို့ပါတီအနေနဲ့လည်း ဒီအခြေအနေတွေကို သတိပြုမိပါတယ်။ သတိပြုမိတဲ့ တရားမမျှတမှုတွေ တန်းတူရည်တူမရှိမှုတွေကို မိဘပြည်သူတို့နဲ့အတူ တိုက်ဖျက်နိုင်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့ပါတီရွေးကောက်ပွဲဝင်ခြင်းဟာ တရားမျှတမှု ချို့တဲ့တယ်၊ တန်းတူ ရည်တူရှိမှုတွေကိုထိခိုက်တယ်ဆိုတဲ့ကိစ္စတွေကို လွှတ်တော်တွင်းမှာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ စနစ်တကျ ပြောနိုင်ဆိုနိုင် ဆွေးနွေးနိုင်ဖို့ ဖြစ်ပါတယ်။ မေးခွန်းထုတ်နိုင်ဖို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လွှတ်တော်တွင်းမှာ အခြေခံပြည်သူတွေရဲ့အသံတွေညံဖို့ ဖြစ်ပါတယ်။ အဲ့ဒီလို ကျွန်တော်တို့ တိတိကျကျ ရည်ရွယ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ**

ကျွန်တော်တို့ လူ့အဖွဲ့အစည်းမယ် လွတ်လပ်မှု တန်းတူမှုနဲ့ တရားမျှတမှုတွေ တင်းပြည့်ကျပ်ပြည့် ရအောင် ကြိုးစားနိုင်ပါမှ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်းက လူတစ်ဦးချင်းစီနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ငြိမ်းချမ်းလုံခြုံမှုကို ကျွန်တော်တို့ပြည်သူတွေ ခံစားနိုင်မှာ ဖြစ်ပါတယ်။

ထို့အတူပဲ ယနေ့ခေတ်သစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ပြင်းထန်တဲ့ ရုန်းကန်မှုတွေ အသက်သွေးချွေးတွေနဲ့ မွေးဖွားပေးခဲ့ကြတဲ့ လွတ်လပ်ရေးဖခင်ကြီးတွေကို ကျေးဇူးဆပ်ရာ ကျေးဇူးမကန်းရာ ရောက်ပါလိမ့်မယ်။ ကျွန်တော်တို့ တိုင်းပြည်နဲ့ပတ်သက်လို့ ကျွန်တော်တို့လူ့အဖွဲ့အစည်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့လွတ်လပ်ရေးရဲ့ ဖခင်ကြီးတွေရဲ့ အမြော်အမြင်က မျှော်မှန်းချက်က **"ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ"** တစ်နည်းအားဖြင့် တန်းတူညီမျှတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်တယ်လို့ ကျွန်တော်တို့ ကောက်ချက်ချချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအမြော်အမြင်တွေ သူတို့ရဲ့ စေတနာတွေကို ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေး ကြေညာစာတမ်းမှာသော်လည်းကောင်း ကျွန်တော်တို့ရဲ့နိုင်ငံတော်သီချင်းမှာသော်လည်းကောင်း အခိုင်အမာတွေ့ရှိရလိုက်လို့ပဲ ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ**

လွတ်လပ်ရေးဖခင်ကြီးတွေရဲ့ အမြော်အမြင် ကျွန်တော်တို့ ယုံကြည်ချက်တွေကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ပြည်သူတွေနဲ့ တိုင်းရင်းသား၊ နိုင်ငံရေးပါတီများ အပါအဝင် ဒီနေ့တိုင်းပြည်ရဲ့ အခရာကျတဲ့ နိုင်ငံရေးအင်အားစုအားလုံးက တင်ပြနေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကိစ္စရပ်တွေကိုလည်း တိုင်းပြည်ရဲ့သော့ချက်ကျတဲ့ ပြဿနာတစ်ရပ် အဖြစ်ခံယူပြီး အမြင်သဘောထားတူညီတဲ့ နိုင်ငံရေးပါတီတွေ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လက်တွဲဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ဒီကနေ့ တိုင်းပြည်မယ် လတ်တလော အလေးပြုစရာ ကိစ္စရပ်တော်တော်များများလည်း ရှိပါတယ်။ ပြည်သူတစ်ဦးချင်းစီရဲ့ လုံခြုံမှု လွတ်လပ်မှု တန်းတူမှု ဂုဏ်သိက္ခာတို့နဲ့ တိုက်ရိုက်သက်ဆိုင်နေသလို ရေရှည်တိုင်းပြည်ကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို **"ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ"** အဖြစ် တည်ဆောက်နိုင်ရေးနဲ့လည်း တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ဒီအတွက်ပြင်ဆင်စရာလိုအပ်တယ် ဖျက်သိမ်းဖို့လိုအပ်တယ်ဆိုတဲ့ ဥပဒေတွေ ရှိနေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသာ လွှတ်တော်တွင်းရောက်ရှိရင် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လွတ်လပ်စွာရေးသားခွင့် ထုတ်ဝေခွင့် လွတ်လပ်စွာစုစည်းခွင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုတို့ကို အခိုင်အမာအာမခံဖို့ တောင်းဆိုသွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျာ**

ဒီမိုကရေစီကိုတိုးချဲ့နိုင်ရေး ပြည်သူတွေရဲ့လွတ်လပ်မှုကို ပိုမိုပြည့်စုံနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးကဏ္ဍကိုပြုပြင်ရန်လည်း အရေးတကြီးလိုအပ်တယ်လို့ ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်ပါတယ်။ ဒါကြောင့်လည်း လက်ရှိပြည်ထဲရေးဝန်ကြီးဌာနရဲ့လက်အောက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တိုင်းပြည်ရဲ့ နိုင်ငံရေးလက်တွေ့အရ နိုင်ငံတော်သမ္မတရဲ့လက်အောက် ပြောင်းလဲထားရှိဖို့ တောင်းဆိုသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူတွေရဲ့ နေ့စဉ်ဘဝများနဲ့ တိုက်ရိုက်ထိစပ်နေတဲ့ ရပ်ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးများနဲ့ စည်ပင်သာယာရေးကော်မတီများဟာ ပြည်သူလူထုအပေါ်မှာ တာဝန်ခံဖို့ အလွန်အရေးကြီးပါတယ်။ သည့်အတွက် ၎င်းတို့ကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်ခြင်းက အသင့်တော်ဆုံးဖြစ်ပါလိမ့်မယ်။ ရန်ကုန်မြို့တော်ဝန် မန္တလေးမြို့တော်ဝန်များကိုလည်း ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်နိုင်ဖို့ကို တင်ပြဆွေးနွေးတောင်းဆိုသွားမှာဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ ခင်ဗျား**

ရေရှည်မယ် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို တန်းတူညီမျှတဲ့ လူ့အဖွဲ့အစည်း သည်းခံမှုစွမ်းအားမြင့်မားတဲ့ လူ့အဖွဲ့အစည်း ငြိမ်းချမ်းတဲ့လူ့အဖွဲ့အစည်းအဖြစ် မြင်လိုတွေ့လိုကြရင် ကျွန်တော်တို့တစ်တွေဟာ ဒီနေ့ကာလမှာ ပညာရေးကို အထူးအာရုံစိုက်ဖို့ လိုအပ်တယ်။ အလုံးအရင်းနဲ့ ရင်းနှီးမြှုပ်နှံဖို့ လိုအပ်ပါတယ်။ ထို့အတူပဲ ကလေးသူငယ်တွေနဲ့ လူငယ်တွေကို ဂရုစိုက်ဖို့ သူတို့ရဲ့ ကဏ္ဍတွေနဲ့ပတ်သက်လို့ ပုံအောပြီး ရင်းနှီးမြှုပ်နှံဖို့ အထူးလိုအပ်လှပါတယ်။ ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ လူတိုင်းအတွက် ပညာရေးဆိုတဲ့ သဘောထားခံယူမှုနှင့် ပညာရေးစနစ်ကို တည်ဆောက်ရမယ်လို့ ယုံကြည်တယ်။ ပညာရေးဟာ အခွင့်ထူးခံတွေအတွက် မဟုတ် လူတိုင်းအတွက်ဖြစ်စေရမယ်ဆိုတဲ့ အတွေးအမြင်ကို ပြန့်ပွားစေလိုတယ်။ ကျွန်တော်တို့ဟာ ဗကသများအဖွဲ့ချုပ်နဲ့ ကျောင်းသားထုရဲ့ အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုကို ထောက်ခံခဲ့တယ်။ အခုလည်းပဲ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် NNER ရဲ့ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး အခြေခံသဘောထားတွေကို ထောက်ခံတယ်။ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဟာ လွတ်လပ်တဲ့ တန်းတူတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဒီမိုကရေစီပညာရေးစနစ်ကို တောင်းဆိုတယ်။ အဲဒီအတွက် ရုန်းကန်သွားမှာလည်း ဖြစ်တယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့ပြည်သူတွေ ကျန်းမာဖို့လိုတယ်။ ကျွန်တော်တို့ကျန်းမာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အင်တိုက်အားတိုက်လုပ်နိုင်လိမ့်မယ်။ ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ကျန်းမာရေးဟာ လူ့အခွင့်အရေးဖြစ်တယ်လို့ ခံယူတယ်။ လူမျိုး၊ ကိုးကွယ်တဲ့ဘာသာ၊ လူမှုရေး၊ စီးပွားရေးနောက်ခံများအပေါ် မူမတည်ဘဲ၊ လူတိုင်းလူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ရှိစေရမယ်လို့ခံယူတယ်။ ကျန်းမာရေးကဏ္ဍ အရည်အသွေးနဲ့ အရေအတွက်ဖြစ်စေ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်စေ၊ လူတိုင်းလူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ခံစားနိုင်ရေးအတွက်ဖြစ်စေ ပြည်သူ့ကျန်းမာရေးအသုံးစရိတ် တိုးမြှင့်ရေးကို ကြိုးပမ်းသွားမှာဖြစ်တယ်။ ပြည်သူ့ကျန်းမာရေး အာမခံစနစ် ထူထောင်နိုင်ရေးကိုလည်း တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ ခင်ဗျား**

ကျွန်တော်တို့ နိုင်ငံဟာ လယ်သမားအများစုနေထိုင်တဲ့ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ တိုင်းပြည်တစ်ခုအဖြစ်သာ ရပ်တည်နေရဆဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမယ် တိုင်းပြည်အတွင်းက ပြည်သူအသီးသီးရဲ့စားဝတ်နေမှုဖူလုံရေးဟာ မြေယာအပေါ်မှာ အလုံးစုံနီးနီး တည်မှီနေပါတယ်။ ဒါကြောင့် မြေယာနှင့်ပတ်သက်လို့ မြေယာနဲ့ဆက်စပ်တဲ့ စီးပွားကုန်သွယ်ရေးလုပ်ငန်းတွေကို အထူးအာရုံပြုဖို့ လိုပါတယ်။

မြေယာဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင် ရေးဥပဒေ၊ မြေယာအသုံးချမှု မူဝါဒတွေဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများပဲ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းများမှာ ချို့ယွင်းအားနည်းချက်များ ရှိနေပါတယ်။ မြေယာမူဝါဒမှာ လူ့အခွင့်အရေးစံနှုန်း၊ နိုင်ငံတကာစံနှုန်း၊ ဒီမိုကရေစီနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်စံနှုန်း၊ မိရိုးဖလာ ဓလေ့ထုံးစံတွေနဲ့ပါ ချိန်ထိုးချိန်ဆဖို့ အလွန်အရေးကြီးလှပါတယ်။ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ လက်မှတ်ရေးထိုးထားတဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နိုင်ငံတကာဆိုင်ရာ စာချုပ်စာတမ်းများ၊ လေးစားလိုက်နာသင့်တဲ့ စာချုပ်စာတမ်းများ ထည့်သွင်းစဉ်းစားဖို့ အထူးလိုအပ်နေပါတယ်။ လယ်သမားတွေရဲ့ အခွင့်အရေးကို ကာကွယ်နိုင်ဖို့အတွက်ဖြစ်ဖြစ်၊ မြေရှင်ကြီးစနစ်မပေါ်လာစေဖို့အတွက်ဖြစ်ဖြစ်၊ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေလိုမျိုး လယ်သမားတွေရဲ့အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းရေးဆွဲပြီး ကာကွယ်ပေးဖို့ လိုအပ်ပါတယ်။

အလုပ်သမားတွေရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး အခြေခံလခသတ်မှတ်တဲ့ ကိစ္စ၊ အလုပ်ချိန်ကိစ္စ၊ အလုပ်သမားများရဲ့ ကျန်းမာရေး၊ လူမှုဖူလုံရေး၊ လုပ်ငန်းခွင်သာယာရေးကိစ္စရပ်တွေကို အစိုးရက တိတိကျကျအာမခံနိုင်ဖို့ ကြိုးပမ်းသွားမယ်။ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေး ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ အလုပ်သမားအခွင့်အရေးကို အခြေခံဥပဒေဖြင့် ကာကွယ်ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တယ်။

**မိဘပြည်သူအပေါင်းတို့ ခင်ဗျား**

လွတ်လပ်ရေးရပြီးစ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်သူ့ဝန်ထမ်းတွေရဲ့ဘဝနဲ့စားဝတ်နေရေးတွေဟာ ငြိမ်းချမ်းလုံခြုံခဲ့ပါတယ်။ အဲ့ဒီတုန်းက ပြည်သူ့ဝန်ထမ်းတွေရဲ့ဂုဏ်သိက္ခာဟာ မြင့်မားခဲ့တယ်။ ပြည်သူ့ဝန်ထမ်းတွေရဲ့ဘဝကို အဲ့ဒီလိုအခြေအနေမျိုးအထိ ပြန်လည်ရောက်ရှိဖို့ ကြိုးပမ်းအားထုတ်ရမှာဖြစ်ပါတယ်။ စားဝတ်နေရေးဖူလုံအောင် ဆောင်ရွက်ပေးရမယ်လို့ ကျွန်တော်တို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက ယုံကြည်ပါတယ်။ အဲ့ဒါမှသာ အဂတိလိုက်စားမှု ခြစားမှုများကို တိုက်ဖျက်နိုင်ပါလိမ့်မယ်။ ပြည်သူ့ဝန်ထမ်းတွေရဲ့ ဂုဏ်သိက္ခာဟာလည်း ပြန်လည်မြင့်တက်လာပါလိမ့်မယ်။ ပြည်သူ့ဝန်ထမ်းတို့ရဲ့ဂုဏ်သိက္ခာဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာလည်း ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ ခင်ဗျား**

ကျွန်တော်တင်ပြခဲ့တဲ့ တစ်တိုင်းပြည်လုံးဆိုင်ရာ ဆောင်ရွက်စရာကိစ္စတွေက များပြားလှပါတယ်။ ကျွန်တော်တို့လို ပါတီငယ်တစ်ခုအနေနဲ့ လုပ်ဆောင်ရာမှာ မလွယ်ကူလှပါဘူး။ ဒီမိုကရေစီအင်အားစုတွေ ရွေးကောက်ခံနိုင်ငံရေးပါတီတွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါလိမ့်မယ်။ ဒါ့အပြင် ယခုရွေးကောက်ပွဲဟာ ကြားဖြတ်ရွေးကောက်ပွဲ သာလျှင်ဖြစ်ပြီး ဒီရွေးကောက်ပွဲမှာ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်က လစ်လပ်နေတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာမှာသာ ကျွန်တော်တို့ပါတီက ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဘယ်လိုပင် ဖြစ်ဖြစ်၊ ဘယ်လောက် အကန့်အသတ်တွေကြီးကြီး ကျွန်တော်တို့ ကိုယ်စားလှယ်ဟာ ပြည်သူတွေရဲ့အသံကို ထင်ဟပ်ပြီး လွှတ်တော်အတွင်းမှာ ကြိုးစားပမ်းစား တင်ပြသွားမှာဖြစ်ကြောင်း အခိုင်အမာ ပြောကြားလိုပါတယ်။

တစ်ပြိုင်နက်တည်း မြင်းခြံမြို့နယ်က ဝင်ရောက်အရွေးချယ်ခံမှာဖြစ်လို့ မြင်းခြံနယ်သူ/နယ်သားတွေရဲ့ ကြုံတွေ့နေရတဲ့အခက်အခဲတွေကို အဓိကထားအလေးဂရုပြုပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ပါတီရဲ့ကိုယ်စားလှယ်အနေနဲ့ ဒီနေ့ မြင်းခြံသူ/မြင်းခြံသားတွေ ရင်ဆိုင်နေကြရတဲ့

(၁) စည်ပင်သာယာရေးအခွန် တိုးမြှင့်ကောက်ခံရေးကိစ္စ၊ မလိုအပ်သည့်အခွန်များ တိုးမြှင့်ကောက်ခံခြင်း မပြုရေးကိစ္စ။

(၂) မြို့နယ်စည်ပင်သာယာရေးဌာနရဲ့ လေလံနှင့် တင်ဒါများပွင့်လင်းမြင်သာမှု ရှိရေးကိစ္စ၊

(၃) လေလံဆွဲသူ တင်ဒါဆွဲသူများ လေလံစည်းကမ်းများနှင့် မညီညွတ်မှုများကို အရေးယူဆောင်ရွက်ရေးကိစ္စ၊

(၄) မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ချုပ်ဆိုထားသော စာချုပ်စာတမ်းများ ပြန်လည်စိစစ်ရေးကိစ္စ၊

အဲဒီကိစ္စတွေအပြင်

(၁) ပြောင်းပြာကူးတို့ လေလံစနစ်ကို ဖျက်သိမ်းပြီး၊ လိုင်းစနစ်ပြောင်းလဲနိုင်ရေးကိစ္စ၊

(၂) မြင်းခြံကျေးရွာအားလုံး လျှပ်စစ်မီးရရှိရေးစီမံကိန်းကို ၂၀၂၀ ခုနှစ်အတွင်းမှာ အပြီးအကောင်အထည်ဖော်နိုင်ရေးကိစ္စ၊

(၃) ကျေးရွာများရှိ မြေယာပြဿနာများကို ဖြေရှင်းပေးနိုင်ရေးကိစ္စ၊

(၄) လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) ရရှိရေးနှင့် လယ်ယာစိုက်ပျိုးရေးဘဏ်တွေကနေ စိုက်ပျိုးစရိတ်ချေးငွေ မှန်မှန်ကန်ကန်ဖြစ်ရေးကိစ္စ၊

(၅) မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် ဆရာဝန် ဆရာမတွေ လုံလောက်စွာ ရရှိရေးကိစ္စ၊

(၆) ကျေးရွာစာသင်ကျောင်းများတွင် ဆရာ/ဆရာမများ လုံလောက်ရေးကိစ္စ၊

(၇) မူးယစ်ဆေးဝါးများ ထိထိရောက်ရောက်နှိမ်နင်းရေးကိစ္စ၊

(၈) လုယက်မှုများ ရာဇဝတ်မှုများကို ထိရောက်စွာနှိမ်နင်းရေးကိစ္စ၊

(၉) တိုင်စာများကို ထိရောက်စွာဖြေရှင်းပေးရေးကိစ္စ၊

(၁၀) ကျေးရွာများ အပါအဝင် တစ်မြို့နယ်လုံးရှိ ဌာနဆိုင်ရာများအား ချပေးသော ဘတ်ဂျက်များ အလေအလွင့်မရှိစေရေးကိစ္စ.... အဲဒီကိစ္စတွေကို မြင်းခြံနယ်သူ/နယ်သားများ ကြုံတွေ့နေရတဲ့ အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ကျွန်တော်တို့ ပါတီကိုယ်စားလှယ်အနေနဲ့ အထူးဂရုစိုက်ပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးကို ဆောင်ရွက်စရာလိုတဲ့ ဥပဒေစည်းမျဉ်း စည်းကမ်းများနဲ့အညီ ကျွန်တော်တို့ ပါတီဘက်က ကူညီဆောင်ရွက်ပေးသွားဖို့ မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်သွားမယ့်အကြောင်း ကတိပေးပြောကြားလိုပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ လွှတ်တော်အသီးသီးမှာ ရောက်ရှိလာခဲ့ရင် မိဘပြည်သူတို့ရဲ့အသံ လွှတ်တော်အတွင်းမှာ ညံစေရပါမယ်။ ဒီနေ့ရွေးကောက်ပွဲမှာ မြင်းခြံနယ်က လွှတ်တော်ကိုယ်စားလှယ်နေရာ ဝင်ရောက်ယှဉ်ပြိုင်မှာမို့ ကျွန်တော်တို့ရဲ့ အသံဟာ မြင်းခြံသူ/မြင်းခြံသားတွေရဲ့အသံဖြစ်ရမယ်ဆိုတာ တိတိကျကျ အခိုင်အမာ ပြောကြား လိုပါတယ်။

အရေးကြီးတဲ့ ကိစ္စတစ်ရပ်ကို ထပ်မံပြောကြားလိုတာက ကျွန်တော်တို့ပါတီကို မဲပေး ရွေးချယ်ပါ။ ကျွန်တော်တို့ အရွေးချယ်ခံခဲ့ရရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ကို မဲပေး ထောက်ခံသူတွေအတွက်တင် အလုပ်လုပ်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ကို ကန့်ကွက်သူ၊ မထောက်ခံသူတွေ အားလုံးအတွက် အလုပ်လုပ်မှာ ဖြစ်ပါတယ်။ မြင်းခြံမှာဆိုရင် မြင်းခြံ နယ်သူ/နယ်သားအားလုံးအတွက် အလုပ်လုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်လို အကြောင်းတရားနဲ့မှ ခွဲခြားဆက်ဆံမှုကို လက်ခံသူတွေ မဟုတ်ကြပါဘူး။ ကျွန်တော်တို့ဟာ ဆင်းရဲချမ်းသာ ဘာသာအယူအဆ လူမျိုး၊ လိင်မခွဲခြားတဲ့ ပါတီ၊ ပြည်သူအသီးသီးရဲ့ နိုင်ငံရေးပါတီတစ်ရပ်ဖြစ်ဖို့ ကြိုးစားအားထုတ်နေကြသူတွေဖြစ်ပါတယ်။

ကျွန်တော်တို့ ပါတီရဲ့ ဆောင်ပုဒ်က **" ပြည်သူသာ အမိ၊ ပြည်သူသာ အဖ"** ဖြစ်ပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ရဲ့ကြွေးကြော်သံက **"လူထုအရေး DPNS အရေး"** ဖြစ်ပါတယ်။

အခြေခံပြည်သူတွေရဲ့အသံ လွှတ်တော်အတွင်းမှာညံစေရမယ်လို့ ပြည်သူအပေါင်းကို ကတိပြုပြောကြားလိုပါတယ်။ မိဘပြည်သူအပေါင်း လွတ်လပ်စွာ၊ ငြိမ်းချမ်းစွာ၊ အပူအပင်ကင်းစွာ၊ ပရိယေသနဝမ်းစာများ ရှာဖွေဖြည့်ဆည်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို မဲပေးကြပါလို့ မေတ္တာရပ်ခံရင်း . . . ကျေးဇူးတင်ပါတယ်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံး ကွပ်ကဲမှုအောက် မှတ်တိုင်(၅၀)ကင်းစခန်းမှ ဒုတိယရဲအုပ် အောင်ကျော်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင် ၂၀၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Lembuchari ကင်းစခန်းမှ Subedar Md. Mahamud Hossain ဦးစီး ၁၅ ဦး၊ စကားပြန်/လမ်းပြ လေးဦးတို့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ ၂၀ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၉)မှ (၅၀)အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အလားတူ စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီမှ ၁၁ နာရီ မိနစ် ၂၀ အထိ မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တောင်ပြို(ယာ) နယ်မြေရဲစခန်းမှ ဒုတိယရဲမှူး အောင်မျိုးဇော်လွင် ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Baishfari ကင်းစခန်းမှ Subedar Md. Rafiqul Islam ဦးစီး ၁၅ ဦး၊ လမ်းပြတစ်ဦးတို့သည် မိမိတို့နိုင်ငံ အသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၃၆)မှ (၃၈)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ကလေးမြို့၌ ကာလပေါက်ဈေး ငွေကျပ်သိန်း ၅၀၀ကျော် တန်ဖိုးရှိ သင်းခွေချပ်အကြေးခွံများ ဖမ်းဆီးရမိ

**ကလေး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်း-ချောင်းခွ-ဝေဘူလ ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၁၆ ရက်က ကာလပေါက်ဈေး ငွေကျပ် ၅၀၇၄၀၀၀၀ တန်ဖိုးရှိ တစ်အိတ်လျှင် ၅ ဒသမ ၀၇၄ ပိဿာခန့်စီ ပါဝင်သော သင်းခွေချပ်အကြေးခွံအိတ် ၂၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ကလေးမြို့နယ် နတ်ချောင်းကျေးရွာရှိ ကလေး-ဂန့်ဂေါကားလမ်းပေါ် ကလေး-ဝေဘူလကားလမ်းဆုံ စစ်ဆေးရှာဖွေရေးစခန်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး စစ်ဆေးရှာဖွေနေစဉ် ကလေးမြို့ဘက်မှ ယာဉ်မောင်း ပြည့်စုံအောင်(ခ)ကုလား (၂၇ နှစ်) ကလေးမြို့နေသူ မောင်းနှင်လာသော ယာဉ်ကိုစစ်ဆေးခဲ့ရာမှ သင်းခွေချပ်များတွေ့ရှိရ၍ စစ်ဆေးမေးမြန်းခဲ့ရာ ထိုင်ခုံနံပါတ်(၃)တွင် လိုက်ပါလာသူ ဦးလားလ်မှိန်းလျံနာ၏ ပစ္စည်းများဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေအရ လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်ဖြစ်သည့် သင်းခွေချပ်အစိတ်အပိုင်း၊ သင်းခွေချပ် အကြေးခွံများအား ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်းနှင့် သယ်ဆောင်ခြင်းများ ပြုလုပ်ခဲ့ကြသည့် ယာဉ်မောင်းနှင့်ပိုင်ရှင်ကို ကလေးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သျှင်နေမင်း (ဂန့်ဂေါ)**

# ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသွားသည့် အကျဉ်းသားသုံးဦး ထပ်မံဖမ်းဆီးရမိ

**ဘားအံ စက်တင်ဘာ ၁၇**

ယမန်နေ့က ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသွားသည့် အကျဉ်းသားများနှင့် အချုပ်သားများ ပြန်လည်ဖမ်းဆီးရမိရေးအတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး အောင်မြတ်မိုး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မိတ်ဖက် အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာလူငယ်အဖွဲ့များ ပူးပေါင်း၍ နယ်မြေအတွင်း ပိတ်ဆို့စစ်ဆေးခြင်း၊ စုံစမ်းရှာဖွေခြင်းများ ပြုလုပ်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်က အကျဉ်းသားသုံးဦး ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သူရည် ဦးစီးအဖွဲ့က ယနေ့ ည ၇ နာရီခန့်က မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဖားခြောက်ကောင် ဘုန်းကြီးကျောင်းဝင်း အနောက်ဘက် ဝါးရုံတောအတွင်းမှ အကျဉ်းသား ဝင်းသိန်း(ခ)အရှည်ကြီး ဝါးတော (၅)ရပ်ကွက် မြဝတီမြို့နေသူအားလည်းကောင်း၊ လှိုင်းဘွဲမြို့နယ် ရွှေဂွန်းနယ်မြေ ရဲစခန်းမှူး ရဲအုပ် ကြည်တိုး ဦးစီးအဖွဲ့က ယနေ့ ည ၈ နာရီခန့်က လှိုင်းဘွဲမြို့နယ် ကျုံပကိုကျေးရွာအုပ်စု နော်ပနားမိန်ကျေးရွာအနီး ရော်ဘာခြံအတွင်းမှ အချုပ်သား စောမြင့်စိုး(ခ) စောသံမဏိ (၄၅ နှစ်) အောင်ရတနာရပ်ကွက် အိန္ဒုကျေးရွာနေသူနှင့် အကျဉ်းသား အောင်မြင့်လင်း(ခ)မြင့်လင်း (၃၉ နှစ်) အောင်သိဒ္ဓိရပ်ကွက် သာမညကျေးရွာနေသူတို့ နှစ်ဦးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မြန်မာ့အလင်း**

# ရန်ကုန်နှင့် မကွေး အားပြိုင်မည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဆီမီးဖိုင်နယ်

**ရန်ကုန် စက်တင်ဘာ ၁၇**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် (ပထမနေ့) ကို စက်တင်ဘာ ၁၈ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီခွဲတွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ဆီမီးဖိုင်နယ်သို့ ရန်ကုန်နှင့် မကွေး၊ ဟံသာဝတီနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ တက်ရောက်ခဲ့ပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည် ဖြစ်သည်။ ပထမအကျော့ကို စက်တင်ဘာ ၁၈၊ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကာ ရန်ကုန်အသင်းနှင့် မကွေးအသင်းသည် ယနေ့စတင်ကစားရခြင်း ဖြစ်သည်။

ရန်ကုန်အသင်းသည် အိမ်ကွင်းပွဲ စတင်ကစားရမည်ဖြစ်ကာ ယခုရာသီ တွေ့ဆုံမှုတွင် ပြတ်သားခြင်း မရှိသော ကြောင့် စိတ်ဝင်စားစရာကောင်းသည့် ပွဲဖြစ်လာနိုင်သည်။ အမှတ်ပေးပြိုင်ပွဲ တွေ့ဆုံမှုတွင် ပထမအကျော့၌ မကွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဒုတိယအကျော့၌ ရန်ကုန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ ယင်းနှစ်သင်း တွေ့ဆုံသည့်ပွဲများတွင် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သလို အငြင်းပွားဖွယ်ရာ ဖြစ်ရပ်များလည်း ဖြစ်ပေါ်ခဲ့သည်။ လူငယ်နည်းပြချုပ် နှစ်ဦး၏ အားပြိုင်မှုကို တွေ့မြင်ရမည်ဖြစ်ပြီး ရန်ကုန်နည်းပြချုပ် ဦးမျိုးမင်းထွန်းနှင့် မကွေးနည်းပြချုပ် ဦးအောင်ဇော်မျိုးတို့၏ နည်းဗျူဟာ အားပြိုင်မှုကို စောင့်ကြည့်ရမည်ဖြစ်သည်။

ထို့ပြင် လူငယ်နည်းပြများ၏ နောက်တွင် ဦးဉာဏ်ဝင်း (ရန်ကုန်)၊ ဦးကြည်လွင်(မကွေး)တို့ကဲ့သို့ အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြဆရာများက နည်းစနစ်အကြံပေးအဖြစ် ဆောင်ရွက်နေသောကြောင့် ရန်ကုန်နှင့် မကွေး၏ ပြိုင်ဆိုင်မှုက ပိုမိုစိတ်ဝင်စားဖွယ်ကောင်းနေသည်။ ရန်ကုန်အသင်းသည် ရှုံး/ထွက်ဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက် တက်ရောက်နိုင်ခဲ့ပြီး ၂၀၁၆ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးအသင်းက ရန်ကုန်အသင်းကို အနိုင်ယူပြီး ဗိုလ်စွဲထားရာ ရန်ကုန်အသင်းအနေဖြင့် ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။

ရန်ကုန်အသင်းသည် ယခုရာသီတွင် ဖလားနှစ်လုံးလမ်းကြောင်းပေါ်တွင် ရှိနေပြီး မကွေးအသင်းမှာမူ နောက်ဆုံးဖလား မျှော်လင့်ချက်အတွက် ကြိုးစားရမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း နီပေါနိုင်ငံသို့ ရောက်ရှိ

**နီပေါ စက်တင်ဘာ ၁၇**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စု(စ)တွင် ကျရောက်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ရန် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် နီပေါနိုင်ငံသို့ ရောက်ရှိသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း တွင် **အုပ်ချုပ်သူ** - ဒေါက်တာအောင်ကျော်ဦး၊ **နည်းပြချုပ်** - ဒေါ်စန်းစန်းသိန်း၊ **နည်းစနစ်အကြံပေး**- ဦးအေးမောင်ကြီး၊ **လက်ထောက်နည်းပြ** - ဒေါ်နွယ်နွယ်တိုး၊ **ဂိုးနည်းပြ**- ဒေါ်မေခင်ယမင်း၊ **ဂိုး** - စိမ်းလတ်လတ်ဦး၊ ပိုးဥခင်မြတ်မိုး၊ **နောက်တန်း** -ဖူးဖူးဇင်ဇော်၊ မေသွေးကို၊ မေသက်မွန်မြင့်၊ လာအဲဝါ၊ ရတနာဦး၊ **အလယ်တန်း** - ကေကေ၊ ဝေဖူးအိမ်၊ ဝင်းဝင်း၊ ပို့ပို့ပြည့်မောင်၊ ဆုနှင်းဖွေး၊ ဇင်မာထွေး၊ ဖြူဖြူဝင်း၊ **ရှေ့တန်း** - မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ထက်ထက်ဝင်းနှင့် ဂျူလိုင်ချာတို့ လိုက်ပါသွားသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် ခြေစစ်ပွဲအုပ်စုပွဲများကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နီပေါအသင်းနှင့်အတူ မြန်မာ၊ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၉ ရက်တွင် မလေးရှားအသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် နီပေါအသင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယရခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး မေလနောက်ဆုံးပတ်ကတည်းက လေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းလည်း ဖြစ်သည်။ ယခုခြေစစ်ပွဲအတွက် ပြင်ဆင်ချိန်လေးလနီးပါးရရှိခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲများစွာ ယှဉ်ပြိုင်ခဲ့သလို စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်း နှင့် ခြေစမ်းပွဲနှစ်ပွဲကစားရာ နှစ်ပွဲစလုံး ဂိုးပြတ်အနိုင်ရခဲ့သည်။

ခြေစစ်ပွဲကို အုပ်စုခြောက်စုခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာအသင်းပါဝင်သော အုပ်စုတွင် ဆီးရီးယားအသင်း နုတ်ထွက်ခဲ့သောကြောင့် လေးသင်းသာ ကျန်ရှိခြင်း ဖြစ်သည်။ ကျန်အုပ်စုငါးစုတွင် ငါးသင်းစီ ပါဝင်နေပြီး စက်တင်ဘာ ၁၅ ရက်မှစ၍ ကျင်းပလျက်ရှိသည်။ အုပ်စုတစ်စုစီမှ ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရနှစ်သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ပြည်တွင်းခြေစမ်းပွဲထပ်မံကစားမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

၂၀၁၉ အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် စက်တင်ဘာ ၁၉ ရက်တွင် ပြည်တွင်းခြေစမ်းပွဲ ထပ်မံကစားမည် ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုလအတွင်း ခြေစမ်းပွဲများ ဆက်တိုက်ကစားနေပြီး စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် အမျိုးသားဘောလုံးအကယ်ဒမီ ယူ-၁၃ အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ကစားသမားများလျှော့ချရန် စီစဉ်နေပြီး ယင်းကစားသမားများ၏ ခြေစွမ်းကို သိရှိနိုင်ရန် ခြေစမ်းပွဲများ ကစားနေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုလဆန်းတွင် စင်ကာပူ ယူ-၁၉ အမျိုးသမီးအသင်း၊ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း၊ မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းတို့နှင့် ခြေစမ်းကစားခဲ့ပြီး အကယ်ဒမီ ယူ-၁၃ အသင်းနှင့် ခြေစမ်းပွဲပြီးပါက လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထပ်မံခြေစမ်းမည် ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်နေပြီး ယခုလကုန်တွင် ကစားသမားသုံးဦး လျှော့ချမည်ဖြစ်ကာ အာရှခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အသင်းမှ ကစားသမားအချို့ကို ပြန်လည်အားဖြည့်ရွေးချယ်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် အထောက်အထားမဲ့ပစ္စည်းများ တွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၄၇၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၀၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၁၀ ဒသမ ၅၇၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Hiace Super Customs ယာဉ်နှစ်စီး၊ Townace ယာဉ်တစ်စီး နှင့် AD Van ယာဉ်နှစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ကိုးမျိုး၊ Guitar ၁၈ လုံး၊ လျှပ်စစ်ပစ္စည်းနှစ်မျိုး၊ ဆိုင်ကယ်ဆက်စပ်ပစ္စည်းနှစ်မျိုး၊ Portable Auto Seeder ရှစ်ဖာ၊ ပိုက်ဆက်ရှစ်ထုပ်နှင့် အဝတ်အထည် ၁၉၂၆ ထည် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၄၇၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်တံတားမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့တွင် အက်စ်တာစီနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ကျောက်တံတားရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၃ နာရီခွဲက ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း ဗဟိုစာတိုက်ကြီး၊ မြန်မာ့စာတိုက်လုပ်ငန်း(ပြည်ပစာပို့လုပ်ငန်း)သို့ ဂျာမနီ နိုင်ငံမှ ပေးပို့လာသော စက္ကူဂျပ်ဖာထုပ် ရောက်ရှိနေပြီး ယင်းစက္ကူဂျပ်ဖာအတွင်းမှ မူးယစ်ဆေးဝါးများဖြစ်သည့် Crystal များ တွေ့ရှိထားကြောင်း ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားလာ၍ မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာ အက်စ်တာစီ အလေးချိန် ၉ ဒသမ ၈ ကီလို တွေ့ရှိရသဖြင့် ပါဆယ်လာရောက်ထုတ်ယူသူ ဒေါ်ခင်သီတာအား အမှုဖွင့်အရေးယူထားရှိသည်။

ကွင်းဆက်အရ စက်တင်ဘာ ၁၄ ရက် ည ၁၀ နာရီ ၄၅ မိနစ်က ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးဟောင်း ကားရောင်းဝယ်ရေးဝင်း (၄)လွှာ၊ အခန်း(C-4)ရှိ မအေးသီတာထွန်းနှင့် မြင့်အောင်(ခ)တာကောတို့၏ တိုက်ခန်းကိုရှာဖွေရာ မူးယစ်ဆေးဝါးဟု ယူဆရသော အညိုရောင်အမှုန့် ၁၀ ဂရမ် (စိစစ်ဆဲ)၊ မွှေစက်နှစ်လုံး၊ လက်လှည့်ကြိတ်စက်တစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း။

အလားတူ စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲက တပ်မတော်မှ ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာ အရှေ့မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ နောင်ဟင်ကျေးရွာအနီးတောစပ်တွင် မြေကြီးအတွင်း၌ မြှုပ်နှံထားသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အီသိုင်းအီသာ လီတာ ၁၂၀ စီပါ သံပီပါ ၂၀ လုံး (အီသိုင်းအီသာ လီတာ ၂၅၂၀)၊ အက်စီတုန်း ၈၀ လီတာစီပါ ပလတ်စတစ်ပီပါ ၁၃ လုံး(အက်စီတုန်း ၁၀၄၀ လီတာ)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၈၀ စီပါ ပလတ်စတစ်ပီပါငါးလုံး (ဟိုက်ဒရိုကလိုရစ်အက်စစ် ၄၀၀ လီတာ)၊ လွှိုက်ဇော လီတာ ၈၀ ပါ ပလတ်စတစ်ပီပါတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဒေါ်ခင်သီတာအား ဖမ်းဆီးရမိသည့် အက်စ်တာစီများနှင့်အတူ တွေ့ရစဉ်။

# ဘူးသီးတောင်မြို့နယ်၌ မီးလောင်မှုကြောင့် နေအိမ်ငါးလုံး၊ ဈေးဆိုင်တစ်ဆိုင်နှင့် ဆန်စက်တစ်လုံးဆုံးရှုံး

**ဘူးသီးတောင် စက်တင်ဘာ ၁၇**

ဘူးသီးတောင်မြို့နယ် ကင်းတောင်ကျေးရွာတွင် စက်တင်ဘာ ၁၇ ရက် နံနက် ၁ နာရီခန့်က မီးလောင်မှုကြောင့် နေအိမ်ငါးလုံး၊ ဈေးဆိုင်တစ်ဆိုင်နှင့် ဆန်စက်တစ်လုံး ဆုံးရှုံးသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဖုံညိုလိပ်နယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇေယျာမင်းဝေ ဦးစီးအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့ စက်တင်ဘာ ၁၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က သွားရောက်စစ်ဆေးရာ ကင်းတောင်ကျေးရွာနေ အာလာဝါဒင် (၄၀ နှစ်)၏ ဆန်စက်မှ မီးစတင်လောင်ခဲ့သည်။

ယင်းမှတစ်ဆင့် မီးကူးစက်မှုကြောင့် လူနေအိမ်ငါးလုံး၊ ဈေးဆိုင်ခန်းတစ်ခန်းနှင့် ဆန်စက်တစ်လုံးတို့ မီးလောင်ခဲ့ရာ ရွာသားများ ဝိုင်းဝန်းကူညီမှုကြောင့် နံနက် ၂ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိဘဲ မီးလောင်မှုနှင့် ပတ်သက်၍ အာလာဝါဒင်အား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှည်းကူး-မင်းကုန်း ယာဉ်လိုင်းမှ ကောက်ခံငွေများအား လိမ်လည်၍ ထွက်ပြေးနေသူကို အမှုဖွင့်

**လှည်းကူး စက်တင်ဘာ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူး-မင်းကုန်း ယာဉ်လိုင်းမှ ကောက်ခံငွေများကို လိမ်လည်ထွက်ပြေးတိမ်းရှောင်သွားသူ ရုံးစာရေးမအား စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဖောင်ကြီးနယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မင်းကုန်း ယာဉ်လိုင်းဂိတ်တွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့သို့ ငွေသွင်း/ငွေထုတ် ပြုလုပ်ရန်အတွက် ရုံးစာရေးမအဖြစ် ဒေါ်အေးအေးအား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလခန့်မှ စတင်ကာ အလုပ်ခန့်ထားခဲ့ပြီး နေ့စဉ်ကားများ ထွက်ရှိပါက ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့သို့ တစ်စီးလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ယာဉ်များမှ ကောက်ခံရရှိငွေများကို ဘဏ်တွင် ၁၅ ရက်တစ်ခါ ပေးသွင်းစေကြောင်း၊ ပေးသွင်းပြီး ချလန်များအား ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့သို့ ပို့ဆောင်အပ်နှံပေးရန် ရုံးစာရေးမ ဒေါ်အေးအေးအား တာဝန်ပေးအပ်ခဲ့ရာ ဒေါ်အေးအေးသည် ၂၀၁၈ ခုနှစ် မေ ၁၆ ရက်မှ ဇွန် ၃၀ ရက်အထိ ယာဉ်များမှ ကောက်ခံရရှိသည့် ငွေကျပ် ၄၁၀၄၀၀၀ အား ဘဏ်သို့ ပေးသွင်းခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဥပဒေအရ အရေးယူပေးရန် တိုင်တန်းထားခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# တပ်ကုန်းမြို့အဝင်၌ ခဲသတ္တုရိုင်းအမှုန့်အိတ်များ တင်ဆောင်လာသည့် ယာဉ်နှစ်စီးဖမ်းမိ

**တပ်ကုန်း စက်တင်ဘာ ၁၇**

နေပြည်တော်တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းအဖွဲ့သည် တပ်ကုန်းမြို့အဝင်၌ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲက တရားမဝင် ခဲသတ္တုရိုင်းအမှုန့်အိတ်များ တင်ဆောင်လာသည့် ၁၂ ဘီး ယာဉ်နှစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ တပ်ကုန်းမြို့အဝင်တွင် ပျဉ်းမနားမြို့မှ တပ်ကုန်းမြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ဦးကျော်လှိုင်(၅၉နှစ်) ၅ လမ်း (၃) ရပ်ကွက် တောင်ငူမြို့နယ်နေသူ မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်နှင့် ယာဉ်မောင်း ဦးညီညီအောင်(၃၆ နှစ်) ကြက်လျှာစွန်းလမ်း (၉)ရပ်ကွက် တောင်ငူမြို့နေသူ မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ တစ်အိတ်လျှင် ကီလို ၅၀ ခန့်ပါ ခဲသတ္တုရိုင်းအိတ် ၆၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းပစ္စည်းများနှင့် ပတ်သက်၍ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားများ ပါရှိလာခြင်း မရှိသဖြင့် တပ်ကုန်းမြို့မရဲစခန်းမှ စစ်ဆေးအရေးယူထားကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၈.၉.၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - ဥပဒေရေးရာအဖြာဖြာ "ပြည်သူများအကြား သိမှတ်စရာစကားဝိုင်း"(၃) ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဒိတ်ဒိတ်၊ ခင်ဖြူဖြူသန့် ဒါရိုက်တာ- ဝေဠု(ဝသန်)
- ၁၁:၁၀ - "အခြေခံဝါးစိုက်ပျိုးရေးမှသည် ခေတ်မီဆန်းသစ်သော ဝါးထုတ်ကုန်များအဖြစ်သို့"
- ၁၃:၃၀ - Yes or No Talk Show
- ၁၄:၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း- ၂၁)

**ညပိုင်း**

- ၁၇:၂၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၄)
- ၁၇:၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ " မဟာကာလီ " (အပိုင်း-၄၄)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** "ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ"
- - အနုပညာခန်းရိပ်သာ "ဆရာကောင်းသန့်နှင့် တွေ့ဆုံဆွေးနွေးခန်း"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်-၂၁)

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။

*စာမျက်နှာ ၉ မှ*

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၅-၉-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ တိုင်ကြားမှု စုစုပေါင်း(၆၉၈)မှု၊ ဆောင်ရွက်ပြီးစီးမှု (၅၀၀)မှု၊ အမှုပေါင်း (၂၇၁) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၃၅၂) ဦး၊ မ (၆၉) ဦး၊ ပေါင်း(၄၂၁) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၂၆၂၆.၉၇)ဂရမ်၊ ICE (၁၆.၇၁) ဂရမ်၊ ဘိန်း (၃၄၈၆၀.၈၅) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉)ဂရမ်၊ ဘိန်းစာမှုန့် (၅၈၀၂)ဂရမ်၊ ဘိန်းစာရွက် (၃၉၇၃.၉၉) ဂရမ်၊ စိတ်ကြွဆေးပြား (၁၄၄၄၁၁) ပြား၊ ဆေးခြောက် (၃၃၅၆.၇၄)ဂရမ်၊ ဘိန်းရည်(၀.၁၀) လီတာ၊ ဘိန်းဆီခဲ (၂၁၇ .၄၀)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ် ၊ စိတ်ကြွ ဆေးပြားအကြေမှုန့် (၁.၆၅) ဂရမ်၊ သေနတ်မျိုးစုံ (၁၀)လက်၊ ကျည်မျိုးစုံ (၁၇၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ရှမ်းပြည်နယ်အတွင်း လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး၌ တရားခံအမျိုးသားတစ်ဦးထံမှ စိတ်ကြွဆေးပြား (၄၅၀၀၀၀)ပြား၊ ICE (၃၀၀၀)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ကွတ်ခိုင်-ကောင်းခါးသွားလမ်း၌ တရားခံအမျိုးသားတစ်ဦးထံမှ ICE (၈၄၀၀၀)ဂရမ်၊ ကဖင်း (၁၆၈၀၀၀၀)ဂရမ်၊ နောင်ချိုမြို့အဝင် စစ်ဆေးရေးဂိတ်၌ တရားခံအမျိုးသား(၄)ဦးထံမှ ဘိန်းဖြူ (၃၄၃၂)ဂရမ်၊ သိန်းနီမြို့အဝင် စစ်ဆေးရေးဂိတ်၌ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ (၁၁၂၀၀၀) ဂရမ်၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းပူးပေါင်းစစ်ဆေးရေးစခန်း၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း (၁၄၁၀၀) ဂရမ်တို့အား လည်းကောင်း၊ ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့နယ်၊ ဝန်းခမ်းကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၇၈၄၀)ပြားအားလည်းကောင်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၉၃၃၀)ပြားအား လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း ရမ်းဗြဲမြို့၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၆)ပြား၊ ကျောက်ဖြူမြို့၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၃)ပြား၊ မောင်တောမြို့နယ်၌ ဖမ်းဆီးရမှုဖြစ်စဉ် (၇)ခုရှိခဲ့ပြီး ဖေဇီရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၇) ပြား၊ ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခုတွင် တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၇၂၅၀)ပြား၊ ရွှေထည်ပစ္စည်း(၃)မျိုး၊ မီးတိုက်ကျေးရွာလမ်းပေါ်၌ ယာဉ်(၁)စီးအား ရပ်တန့်စစ်ဆေးစဉ် တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၅၅၀၀)ပြား၊ Probox ယာဉ်(၁)စီး၊ ရွှေဇားအလယ်ရွာ၌ တရားခံဖမ်းဆီးရမိမှုမရှိဘဲ နေအိမ်မှ စိတ်ကြွဆေးပြား (၇၆၀၀၀)ပြား၊ မြို့ဦးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေ မှုန့်(၇)ဂရမ်တို့အား လည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၅)ခုရှိခဲ့ပြီး (ကျောက်မဲ၊ဘားအံ၊ မဘိမ်း၊ တာချီလိတ်၊ ကျိုင်းတုံ) မြို့တို့တွင် တရားခံအမျိုးသား (၁၀)ဦးနှင့် အမျိုးသမီး (၄)ဦး၊ ပေါင်း(၁၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၂၃၄၈)ပြား၊ ICE (၂၅)ဂရမ်၊ ဘိန်းဖြူ(၀.၁)ဂရမ်၊ ဘိန်း (၁၃၀၆.၄)ဂရမ်၊ ခတ်ပုံ(၀.၄)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်(၅)တောင့်၊ ကျည်အိမ်(၁)ခု၊ တူမီးသေနတ် (၅)လက်၊ လေသေနတ်(၁)လက်တို့အား လည်းကောင်း၊ ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှု ဖြစ်စဉ်(၁)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ လယ်မီးကျေးရွာတွင် သတင်းအရ ဝင်ရောက်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၂)ဦးအနက်(၁)ဦးမှ ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရာ မစိုးရိမ်ရ ဒဏ်ရာရရှိပြီး အမျိုးသား(၂)ဦးထံမှ စိတ်ကြွ ဆေးပြား(၁၂၀)ပြား၊ ဘိန်းဖြူ(၃.၈၅)ဂရမ်အား လည်းကောင်း၊ ရန်ကုန်မြို့ ဗဟိုစာတိုက်ကြီး၌ နိုင်ငံခြားမှတစ်ဆင့် ပို့ဆောင်လာသည့် စက္ကူဂျပ်ဖာပုံး(၁)ခုအတွင်းမှ အက်တက်စီ ပုံဆောင်ခဲ(၉၈၀၀)ဂရမ်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာ တရားခံအမျိုးသား(၂)ဦးထံမှ ကတ်တမင်း (၂၉၀.၅)ဂရမ်၊ ကတ်တမင်းအရည်(၁)လီတာ၊ အက်စ်တက်စီဆေးပြား(၈၆၃)ပြား၊ ဆေးခြောက် (၉.၆)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှုစုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၉-၉-၂၀၁၈ ရက်နေ့မှ ၁၅-၉-၂၀၁၈ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၃၅၇)မှုတွင် တရားခံကျား(၄၅၃)ဦး၊ မ(၇၁)ဦး၊ ပေါင်း(၅၂၄)ဦးကို ဘိန်းဖြူ(၁၂၂၃၀.၉၆)ဂရမ်၊ ICE (၈၇၁၉၉.၄၉)ဂရမ်၊ ဘိန်း(၁၃၀၅၁၅.၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၁၂.၉)ဂရမ်၊ ဘိန်းစာမှုန့်(၁၃၀၈၀)ဂရမ်၊ စိတ်ကြွဆေးပြား(၁၀၂၇၉၂၆)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၉.၇)ဂရမ်၊ ဆေးခြောက်(၈၈.၇)ဂရမ်၊ ဘိန်းဆီခဲ(၃၃.၂၃)ဂရမ်၊ အက်စ်တက်စီဆေးပြား (၈၆၅)ပြား၊ အက်စ်တက်စီပုံဆောင်ခဲ (၉၈၀၀)ဂရမ်၊ ကတ်တမင်း(၂၉၀.၅၃)ဂရမ်၊ ကတ်တမင်းအရည် (၁)လီတာ၊ ကဖင်း(၁၆၈၀၀၀၀)ဂရမ်၊ သေနတ်မျိုးစုံ(၇)လက်၊ ကျည်မျိုးစုံ(၅)တောင့်၊ ကျည်အိမ်(၁)ခုတို့ကို ဖော်ထုတ် သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# တိုင်ဖုန်းမုန်တိုင်းမန်ခတ် ဟောင်ကောင်သို့ ဝင်ရောက်ခဲ့ပြီးနောက် အပျက်အစီးများကိုရှင်းလင်းမှုများလုပ်ဆောင်

**ဟောင်ကောင် စက်တင်ဘာ ၁၇**

တိုင်ဖုန်းမုန်တိုင်းမန်ခတ်သည် ဟောင်ကောင်သို့ဝင်ရောက်ပြီးနောက် တနင်္လာနေ့တွင် အပျက်အစီး ရှင်းလင်းမှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါမုန်တိုင်းမန်ခတ်သည် ဖိလစ်ပိုင်နိုင်ငံလူဇုန်ကျွန်းသို့ ဝင်ရောက်စဉ်က ပြင်းထန်သည့်လေမိုးကျရောက်မှုကြောင့် တောင်တန်းဒေသများတွင် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပြီး ကယ်ဆယ်ရေးသမားများသည် လူသေအလောင်းများကို အပျက်အစီးများအောက်မှ ဆွဲထုတ်ခဲ့ရသည်။

မြို့အတွင်းမိုင်းတူးဖော်ရေးသမားများနှင့် ၎င်းတို့၏မိသားစုဝင်များ အသုံးပြုရာ အရေးပေါ် ခိုလှုံရာအဆောက်အအုံမြေပြိုမှုအတွင်း ပါဝင်သွားခဲ့သည်။ လူပေါင်း ၆၅ ဦးသေဆုံးခဲ့ရပြီး အပျက်အစီးများအောက်မှ ဆွဲထုတ်ရာတွင် ကယ်ဆယ်ရေးသမားများနှင့်အတူ ထိခိုက်ခံစားခဲ့ရသောမိသားစုဝင်များလည်း ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

သို့သော်ယခုအချိန်အထိ အသက်ရှင်ကျန်ရစ်သူကို မတွေ့ရသေးပေ။ မုန်တိုင်းတိုက်ခတ်ပြီး နှစ်ရက်အကြာ လူပေါင်း ၁၅၅၀၀၀ မှာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိပြီး ၄၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဘန်နင်းရိုဒူရာနာက ပြောသည်။

တရုတ်နိုင်ငံ၌လည်း အာဏာပိုင်များက ပြည်သူသုံးသန်းကျော်ကို ကယ်ဆယ်ခဲ့ပြီး ငါးဖမ်းလှေ ထောင်ပေါင်းများစွာကို ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန် သတိပေးမှုများပြုလုပ်ခဲ့ကြောင်း၊ တရုတ်မီဒီယာများက အဆိုပါ မုန်တိုင်းကို မုန်တိုင်းများ၏ဘုရင်ဟု ခေါ်ဝေါ်ကြကြောင်း သိရသည်။

ဟောင်ကောင်၌ မုန်တိုင်းဝင်ရောက်ခဲ့စဉ် လူပေါင်း ၃၀၀ ကျော် ဒဏ်ရာရခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများခဲ့ကြောင်း အစိုးရကပြောသည်။ လမ်းမများပေါ်တွင် သစ်ပင်များလဲကျခြင်း၊ ရွှံ့နွံများ၊ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရန် ဒေသခံများက ကြိုးပမ်းလျက်ရှိသည်။ ကျောင်းများပိတ်ထားပြီး ဘတ်စ်ကားများပြေးဆွဲမှုကိုလည်း ရပ်နားထားသည်။

အချို့သောနေရာများတွင် မြေပြိုမှုနှင့် ပြင်းထန်သည့်ရေကြီးမှုများကြောင့်



လူပေါင်း ၁၅၀၀ ခန့်မှာ ယာယီခိုလှုံရေးစခန်းများတွင် တစ်ညလုံးနေထိုင်ခဲ့ရသည်။ မကာအို၌လည်း သမိုင်းတစ်လျှောက်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ကာစီနို ၄၂ ရုံမှာ ပိတ်ခဲ့ရသည်။

တနင်္လာနေ့တွင် ပိတ်ထားခဲ့ရသည့် ကာစီနိုရုံများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း မြို့အတွင်း ရေလွှမ်းမှုကြောင့် ပြင်ဆင်မှုများ လုပ်ဆောင်ရန် လိုအပ်နေဆဲဖြစ်သည်။ **အေအက်ဖ်ပီ**

# ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲရလဒ်များ ထုတ်ပြန်ကြေညာသွားနိုင်ခြေရှိ

**ဆိုးလ် စက်တင်ဘာ ၁၇**




ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲကို အင်္ဂါနေ့က ပြုံယမ်းတွင် စတင်ခဲ့ကြောင်း သိရသည်။ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့သည် ဗုဒ္ဓဟူးနေ့တွင် ဆွေးနွေးပွဲရလဒ်များကို ထုတ်ပြန်ကြေညာသွားနိုင်ခြေရှိကြောင်း တောင်ကိုရီးယား အရာရှိများက ခန့်မှန်းထားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယားသမ္မတရုံးအကြီးအကဲ အင်ဂျွန်ဆွတ်က အကယ်၍ဆွေးနွေးပွဲသာ အဆင်ပြေချောမွေ့စွာ ပြီးဆုံးသွားမည်ဆိုပါက နောက်ပိုင်းတွင် ပူးတွဲသတင်းစာ ရှင်းလင်းပွဲ၌ သဘောတူသည့် အခြေအနေများကို ထုတ်ပြန်ကြေညာသွားမည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း၏ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ကိုလည်း တောင်ကိုရီးယားအစိုးရက ထုတ်ပြန်ဖော်ပြခဲ့သည်။ အရေးကြီးအကြောင်းအရာမှာ မြောက်ကိုရီးယားနျူကလီးယားကင်းစင်ရေးအတွက်ဖြစ်ကြောင်းနှင့် အဆိုပါ ရည်ရွယ်ချက် ပေါက်မြောက်အောင် နှစ်ဖက်အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းလုပ်ဆောင်နေကြောင်းလည်း အင်းက ဆက်လက်ပြောကြားခဲ့သည်။

တောင်ကိုရီးယား သမ္မတရုံးအကြီးအကဲက ဆက်လက်ပြီး ဆက်ဆံရေးတစ်ခေတ်ပြန်လည်ဆန်းသစ်ရန် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ဆွေးနွေးနိုင်ရေးအတွက်လည်း တောင်-မြောက် နှစ်ဖက်အဖွဲ့အစည်းများ အတူတကွလက်တွဲလုပ်ဆောင်နေကြကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုက သက်ဆိုင်သော ဆောင်ရွက်ချက်များတွင် သဘောတူညီမှုများ၊ ကိုက်ညီမှုများ ပြုလုပ်ပေးပါက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်လုံးဝကင်းစင်ရေးဆိုင်ရာ အစီအစဉ်များတိုးတက်ဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နှစ်ဖက်ခေါင်းဆောင်များ သဘောတူညီချက်တွင် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနှစ်နိုင်ငံ တင်းမာမှုဖြေလျှော့စေရန် အချက်များပါဝင်နိုင်ကြောင်း အင်က ပြောကြားခဲ့သည်။

သို့သော်လည်း နျူကလီးယားအရေး အမေရိကန်ပြည်ထောင်စုနှင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကို ပယ်ဖျက်ရန် မြောက်ကိုရီးယားခေါင်းဆောင်ကင်ထံမှ ဝန်ခံမှုကို မွန်က ရရှိခဲ့သလား မရရှိခဲ့သလားဆိုသည့် အချက်ကိုမူ ရှင်းရှင်းလင်းလင်း မသိရကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဟောင်ကောင်ဒိုးငလျင် ပျက်စီးဆုံးရှုံးမှုများကို တွက်ချက်

**ဟော့ကိုင်းဒိုး စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းတွင် ပြင်းထန်သည့် ငလျင်လှုပ်ခဲ့မှုကြောင့် စီးပွားရေးအရ ဒေါ်လာသန်း ၃၅၀ ကျော်ဆုံးရှုံးခဲ့ရကြောင်း ဟော့ကိုင်းဒိုး စီရင်စုအစိုးရက ပြောသည်။

ငလျင်ကြောင့် ဒေသတွင်း သစ်တော၊ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများတွင် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း ပြောသည်။ စက်တင်ဘာ ၆ ရက် ငလျင်ကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အက်ဆူမာ၊ အာဘီရာနှင့် မူကာဝါမြို့တို့တွင် သစ်တောများ ပျက်စီးခဲ့ရာ ဒေါ်လာသန်း ၂၀၀ ဖိုး ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု အာဏာပိုင်များက ပြောသည်။ တောတွင်းလမ်းများမှာလည်း ပျက်စီးသွားရာ ဒေါ်လာသန်း ၄၀ ဖိုး ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ပြောသည်။

ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများကို ပြန်လည်ပြင်ဆင်ရေးအတွက် ဒေါ်လာသန်း ၈၀ ကျော် ကုန်ကျမည်ဟု အာဏာပိုင်များက ပြောသည်။

ငလျင်လှုပ်စဉ်အတွင်း တိရစ္ဆာန်များထားရှိရာ နေရာများပြိုကျခဲ့၍ တိရစ္ဆာန်များ သေဆုံးခဲ့ရသည့်အတွက် မွေးမြူရေးလုပ်ငန်းတွင်လည်း ထိခိုက်ခဲ့ရသည်။ ရေလုပ်ငန်းအတွက်ပျက်စီးဆုံးရှုံးမှုများမှာ ဒေါ်လာ ၉ သန်း တန်ဖိုးရှိသည်။

အေးခဲထားသောပင်လယ်စာများသည် သဘာဝဘေးကျရောက်စဉ်အတွင်း လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ပျက်စီးခဲ့ရပြီး စွန့်ပစ်ခဲ့ရသည်။

အာဏာပိုင်များသည် ပျက်စီးဆုံးရှုံးမှုပမာဏများကို တွက်ချက်ဆဲဖြစ်၍ ပြင်ဆင်စရိတ်အတွက် ကဏ္ဍအားလုံးတွင် ပိုမိုတိုးမြင့်ရရှိဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၁၆ ခုနှစ်မှစ၍ အီဂျစ်တွင် တရားမဝင် ရွှေ့ပြောင်းသွားလာမှုများမရှိဟု မှတ်တမ်းတင်

**ကိုင်ရို စက်တင်ဘာ ၁၇**

အီဂျစ်သမ္မတ အဗ္ဗဒူ ဖက်တက်အယ်စီစီက ၂၀၁၆ ခုနှစ်မှစ၍ အီဂျစ်ပိုင်နယ်မြေများမှ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုများ မရှိတော့ကြောင်း တနင်္ဂနွေက ပြောသည်။

ဥရောပသမဂ္ဂ ကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်၊ ဩစတြီးယားဝန်ကြီးချုပ် စဘတ်စတိန်းကာ့ဇ်တို့ အီဂျစ်နိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း အီဂျစ်သမ္မတစီစီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုများအား နှိမ်နင်းနေသည့် အီဂျစ်၏လုပ်ဆောင်မှုကိုလည်း သမ္မတစီစီက ဆွေးနွေးပွဲအတွင်းပြောပြခဲ့သည်။ ထို့ပြင် အီဂျစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ မငြိမ်မသက်ဖြစ်နေစဉ်အတွင်း တိုင်းပြည်၏ နယ်စပ်ကို လုံခြုံအောင်ထိန်းထားနိုင်ခဲ့ကြောင်းလည်း သမ္မတက ပြောသည်။ အီဂျစ်သမ္မတနှင့် ဥရောပသမဂ္ဂကောင်စီ ဥက္ကဋ္ဌ၊ ဩစတြီးယားဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံစဉ်အတွင်း လစ်ဗျားနှင့် ဆီးရီးယားအရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာမှုကသာ တိုက်ပွဲများနှင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုများကို ရပ်တန့်နိုင်မည်ဟု ၎င်းတို့သဘောတူထားကြောင်း ပြောသည်။အိမ်နီးချင်းလစ်ဗျားနိုင်ငံမှ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများသည် အီဂျစ်နိုင်ငံမှတစ်ဆင့် ဥရောပသို့ ဝင်ရောက်ရန်ကြိုးပမ်းကြပြီး တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအတွက် အီဂျစ်နိုင်ငံသည် လမ်းကြောင်းတစ်ခုသဖွယ် ဖြစ်နေသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အီဂျစ်ပါလီမန်၌ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများနှင့် လူမှောင်ခိုသမားများကို နှိမ်နင်းရန် ဥပဒေကြမ်းအတွက် မဲပေးခဲ့ကြသည်။ **ဆင်ဟွာ**



**နိုင်ငံတကာ သတင်းတိုထွာ**

## မက်ဆာချူးဆက်ပြည်နယ်တွင် အမျိုးသားတစ်ဦး ငါးမန်းကိုက်ခံရပြီး သေဆုံး

**မက်ဆာချူးဆက် စက်တင်ဘာ ၁၇**

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း မက်ဆာချူးဆက်ပြည်နယ်တွင် မကြာသေးမီက အမျိုးသားတစ်ဦးငါးမန်းကိုက်ခံရမှုကြောင့် သေဆုံးသွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ငါးမန်းကိုက်ခံရမှုသည် မက်ဆာချူးဆက်ပြည်နယ် အရှေ့ဘက်စွန်းတွင်ရှိသည့် ဝဲလ်ဖလိမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦးသည် မကြာသေးမီက နယူးကုမ်းဟောလိုးကမ်းခြေတွင် ရေပေါ်အားကစားလုပ်နေချိန် ငါးမန်းတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအား ကမ်းခြေတွင် ရှေးဦးသူနာပြုနည်းဖြင့် အရေးပေါ်အသက်ကယ်မှုများ ဆောင်ရွက်ပြီးနောက် ဆေးရုံသို့ ချက်ချင်းပို့ဆောင်ခဲ့သော်လည်း ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးခဲ့ကြောင်း ဝဲလ်ဖလိရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

တိုက်ခိုက်ခဲ့သည့် ငါးမန်းအမျိုးအစားကို မသိရသေးကြောင်း၊ ငါးမန်းက လူကိုတိုက်ခိုက်သည့်ဖြစ်ရပ်မှာ ယင်းဒေသတွင် ဖြစ်လေ့ဖြစ်ထ မရှိသောဖြစ်ရပ်မျိုးဖြစ်ကြောင်း အမေရိကန်မီဒီယာများက ဆိုသည်။ ငါးမန်းကိုက်ခံရပြီး သေဆုံးသည့် ယခုဖြစ်ရပ်မှာ မက်ဆာချူးဆက်ပြည်နယ်တွင် ၁၉၃၆ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆီးရီးယားလေဆိပ်ကို အစ္စရေးတို့ ဒုံးကျည်ဖြင့် တိုက်ခိုက်

**ဒမတ်စကတ် စက်တင်ဘာ ၁၇**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မကြာသေးမီက အစ္စရေးတို့က ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားအစိုးရမီဒီယာများတွင် သတင်းထုတ်ပြန်ခဲ့သည်။

လေဆိပ်တိုက်ခိုက်ခြင်းခံရသည်နှင့်တစ်ပြိုင်နက် ကယ်ဆယ်ရေးယာဉ်များ လေဆိပ်ရှိရာသို့ အရေးပေါ်သွားရောက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် သေဆုံးဒဏ်ရာရရှိမှုအခြေအနေအတိအကျကို မသိရသေးကြောင်း သိရသည်။

ဒုံးကျည်အချို့ကို ဆီးရီးယားက လေကြောင်းကာကွယ်ရေးစနစ်ဖြင့် ပစ်ချနိုင်ခဲ့ကြောင်း ဆီးရီးယားတပ်ဖွဲ့၏ သတင်းများကိုးကားကာ ဆီးရီးယားမီဒီယာများတွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သော နှစ်ဝက်ကာလအတွင်းကလည်း အစ္စရေးတပ်ဖွဲ့က ဒုံးကျည်၊ အမြောက်ကျည်ဆန် ၈၀ ဖြင့် ဆီးရီးယားနယ်နိမိတ်အတွင်းရှိ စစ်ဘက်ဆိုင်ရာပစ်မှတ် ၂၀၀ ကျော်ကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အီရန်သည် အရှေ့အလယ်ပိုင်းတွင် စစ်ရေးခြေကုပ်ချဲ့ထွင်နေကြောင်းနှင့် ဆီးရီးယားတွင် အီရန်စစ်အခြေစိုက်စခန်းကို ထားရှိကြောင်း၊ ယင်းက အစ္စရေး၏ လုံခြုံရေးကို အန္တရာယ်ဖြစ်စေကြောင်း အစ္စရေးကဆိုသည်။ ဆီးရီးယားနှင့် အီရန်တို့က ယင်းအဆိုကို ငြင်းဆန်ထားပြီး ဆီးရီးယားတွင် မည်သည့်စစ်အခြေစိုက်စခန်းမှမရှိဘဲ ဆီးရီးယား၏ ဖိတ်ကြားချက်အရ စေလွှတ်ထားသည့် စစ်ရေးအကြံပေးသာ ရှိကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ငြိမ်းချမ်းရေးသည်သာ အကြမ်းဖက်တိုက်ခိုက်မှုတွေကို နေဝင်မိုးချုပ်ဖြစ်သွားစေမယ့် တစ်ခုတည်းသောနည်းလမ်းဖြစ်

**ထွန်းသစ်စ**



အာဖဂန်ပဋိပက္ခဟာ ဆီးရီးယားနိုင်ငံရဲ့ ပဋိပက္ခကိုကျော်လွန်ကာ ကမ္ဘာ့သေဆုံးမှုအများဆုံးဖြစ်ပွားခဲ့တဲ့ ပဋိပက္ခအဖြစ် အခုနှစ်မှာ စံချိန်တင်ခဲ့တယ်လို့ လေ့လာစစ်တမ်းကောက်သူများက ဆိုပါတယ်။ အမေရိကန်ကျူးကျော်မှုပြီးနောက် အာဖဂန်ပဋိပက္ခတွေဟာ ၁၇ နှစ်တိုင်တိုင် ဆက်တိုက်ဖြစ်ပွားခဲ့တယ်လို့လည်း နိုင်ငံတကာအရေးမှာ လေ့လာတွေ့ရှိခဲ့ပါတယ်။

**မျှော်လင့်ချက်ကင်းမဲ့မှုတွေ မြင့်တက်လာ**

စစ်ပွဲကြောင့် ထောင်းထောင်းကြေနေတဲ့ အာဖဂန်ဟာ မျှော်လင့်ချက်ကင်းမဲ့မှုတွေ မြင့်တက်လာတာကို တွေ့ရမှာပဲဖြစ်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အာဖဂန်နစ္စတန်အတွက် ချမှတ်ထားတဲ့ နည်းဗျူဟာကလည်း သူ့ရဲ့ နောင်တော်အမေရိကန် သမ္မတတွေလိုပဲ အလုပ်ဖြစ်မလား မဖြစ်ဘူးလားဆိုတာကတော့ အချိန်အတိုင်းအတာတစ်ခုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

အာဖဂန်နစ္စတန်မှာ အသေအပျောက်မြင့်တက်မှုတွေ ဆီးရီးယားနိုင်ငံရဲ့အခြေအနေကလည်း ဂိတ်ဆုံးအဆင့်ရောက်နေတာတွေဟာ အာဖဂန်ကို ကမ္ဘာ့သေဆုံးမှုအများဆုံးဖြစ်ပွားခဲ့တဲ့ ပဋိပက္ခအသွင် ဖြစ်စေခဲ့ပါတယ်လို့ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျုရဲ့ အာဖဂန်ရေးရာကျွမ်းကျင်သူ ဂျွန်နီဝေါ့ရှ်က ပြောခဲ့ပါတယ်။

**အာဖဂန်ရဲ့အခြေအနေ ဆိုးသထက်ဆိုးလာ**

အာဖဂန်နိုင်ငံရဲ့ နှစ်တော်တော်များများဟာ အကြမ်းဖက်မှုအများဆုံးဖြစ်ပွားခဲ့တဲ့နှစ်တွေအဖြစ် ဖြစ်လာခဲ့ပါတယ်။ အာဖဂန်ရဲ့ အခြေအနေဟာ ဆိုးသထက်ဆိုးလာပါတယ်လို့ သူက ဆက်ပြောခဲ့ပါတယ်။

အာဖဂန်နစ္စတန် ပဋိပက္ခတွေဖြစ်ပြီး ဆယ်စုနှစ်တစ်စုလောက်ကြာမှ ဖြစ်ပွားခဲ့တဲ့ ဆီးရီးယား ပဋိပက္ခတွေဟာလည်း အခုအချိန်အထိ လူ့အသက်ပေါင်း ၁၅၀၀၀ ထိ သေဆုံးခဲ့တယ်လို့ ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တွေက ဆိုပါတယ်။

အာဖဂန်စစ်ပွဲတွေကြောင့်လည်း ၂၀၁၈ ခုနှစ်ထဲမှာ အရပ်သားနဲ့ တိုက်ခိုက်ရေးသမားတွေအပါအဝင် လူပေါင်း ၂၀၀၀၀ ကျော် သေဆုံးခဲ့တယ်လို့ အပြည်ပြည်ဆိုင်ရာ အကျပ်အတည်းဆိုင်ရာအဖွဲ့မှ အတိုင်ပင်ခံပုဂ္ဂိုလ် ဂရယ်မီစမစ်က ဆိုပါတယ်။ အဲဒီပမာဏဟာ တခြားပဋိပက္ခတွေမှာဖြစ်ပွားတဲ့နှုန်းထက် ပိုတယ်။ အထူးသဖြင့် ဆီးရီးယား ပဋိပက္ခထက်ပိုတယ်လို့ သူကဆက်လက်ပြောခဲ့ပါတယ်။

အာဖဂန်နစ္စတန်အတွက် အဲဒီပမာဏဟာ စံချိန်တင် မှတ်တမ်းတင်နိုင်တဲ့ ပမာဏဖြစ်တယ်လို့ ဆွီဒင်ရှိ Uppsala Conflict Data Program အရ သိရပါတယ်။ အာဖဂန်မှာ ဖြစ်ပွားတဲ့ ဘက်ပေါင်းစုံ ပဋိပက္ခတွေကြောင့် သေဆုံးသူတွေဟာ ၂၀၁၇ ခုနှစ်မှာလည်း ၁၉၆၉၄ အထိ ရှိခဲ့တယ်လို့ Uppsala Conflict Data Program က ဆိုပါတယ်။

**စံချိန်တင်မြင့်တက်ခဲ့**

အာဖဂန်အရပ်သားသေဆုံးမှုဟာ ၂၀၁၈ ခုနှစ် ပထမခြောက်လတာအတွင်းမှာ ၁၆၉၂ ဦးအထိ စံချိန်တင်မြင့်တက်ခဲ့တယ်လို့ မကြာသေးမီက ကုလသမဂ္ဂ အစီရင်ခံစာတစ်ခုမှာ ဖော်ပြထားပါတယ်။

ရန်သူတိုက်ခိုက်ရေးသမား ၃၀၀၊ ၄၀၀ လောက် အပတ်တိုင်းသေဆုံးကြတယ်လို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ နက်စ်ရက်တ် ရာဟီမီက ပြောခဲ့ပါတယ်။ ဒါပေမယ့်လည်း အရပ်သားသေဆုံးမှု သို့မဟုတ် အစိုးရတပ်ဖွဲ့ဝင်သေဆုံးမှုဆိုင်ရာ သတင်းအချက်အလက်တွေကိုတော့ ထုတ်ပြန်ဖော်ပြခြင်းမရှိပါဘူးလို့ သူက ဆက်လက်ပြောခဲ့ပါတယ်။

သေဆုံးသူအတိအကျ ဖော်ပြပေးရန် ကဘူးလ်ရဲ့တောင်းဆိုမှုကို လွန်ခဲ့တဲ့နှစ်က အမေရိကန်က သဘောတူပြီးနောက် အာဖဂန်လုံခြုံရေးတပ်ဖွဲ့တွေ သေဆုံးခဲ့တဲ့ စာရင်းကိုလည်း ပြည်သူကို အတိအကျ ထုတ်ပြန်ဖော်ပြခြင်း မပြုနိုင်ခဲ့ဘူးလို့ သိရပါတယ်။ နှစ်စဉ်နှစ်တိုင်း သေဆုံးသူ ၅၀၀၀ ကျော်လောက်ရှိမယ်လို့ အာဖဂန်နစ္စတန်ပြန်လည်ထူထောင်ခြင်းဆိုင်ရာ အမေရိကန်အထူးစစ်ဆေးရေးမှူးချုပ်ကဖော်ပြခဲ့တဲ့ ကိန်းဂဏန်းအချက်အလက်တွေအရ သိရပါတယ်။

အဲဒီပမာဏဟာ တကယ့်မြေပြင်မှာဖြစ်ပွားနေတဲ့ ပမာဏထက် ပိုမိုနည်းနိုင်ခြေရှိတယ်လို့ လေ့လာဆန်းစစ်သူအများစုက ဆိုပါတယ်။ အခုနှစ် အစိုးရတပ်ဖွဲ့ဝင်တွေ သေဆုံးခဲ့တဲ့နှုန်းဟာ တကယ့်ကြောက်လန့်စရာကောင်းတယ်လို့ အပြည်ပြည်ဆိုင်ရာ အကျပ်အတည်းဆိုင်ရာအဖွဲ့မှ အတိုင်ပင်ခံပုဂ္ဂိုလ် ဂရယ်မီစမစ်က ဆိုပါတယ်။

> **“တပ်ဖွဲ့ဝင်အင်အားများလေလေ သွေးမြေကျတိုက်ခိုက်မှုတွေ ပိုဖြစ်လေလေ၊ လူတွေသေဆုံးမှု ပိုများလေလေလို့ အမေရိကန်တပ်ဖွဲ့တွေရဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ပီတီလူပိုက ပြောပါတယ်။ ဒါဟာစစ်ပွဲနဲ့ ပတ်သက်တဲ့ အမှန်တရားတစ်ခုလို့လည်း သူကဆိုပါတယ်။”**

**သေဆုံးမှုတွေမြင့်တက်လာ**

စုစုပေါင်းသေဆုံးမှုနှုန်းဟာ ၂၀၁၄ ခုနှစ်ကတည်းက တဖြည်းဖြည်းမြင့်တက်လာခဲ့တယ်လို့ Uppsala Conflict Data Program က ဖော်ပြခဲ့တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

အောက်တိုဘာ ၂၀ ရက်မှာ ကျင်းပမယ်လို့ စီစဉ်ထားတဲ့ ကာလအတော်အတန်ကြာရွှေ့ဆိုင်းထားရတဲ့ ပါလီမန်ရွေးကောက်ပွဲကြောင့် အခုနှစ်အကြမ်းဖက်မှု ပဋိပက္ခတွေဟာ ပိုမိုဖြစ်ပွားခဲ့ပါတယ်။ တစ်ဖက်မှာလည်း တာလီဘန်တို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းဖို့လည်း လုပ်ဆောင်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တာလီဘန်အုပ်စုဟာ အာဖဂန်နစ္စတန်နိုင်ငံရဲ့ အကြီးမားဆုံး အကြမ်းဖက်အစွန်းရောက်အဖွဲ့ ဖြစ်ပါတယ်။

တာလီဘန်အဖွဲ့ဟာ တိုက်ပွဲအတော်များများကို အောင်မြင်ခဲ့ပါတယ်။ အဲဒီအုပ်စုဟာ ၂၀၁၄ ခုနှစ်ကမှ အာဖဂန်မှာ စတင်ပေါ်ပေါက်လာတဲ့ အိုင်အက်စ်အဖွဲ့ထက်စာရင် မပြောပလောက်ပေမယ့် ပိုမိုထိရောက်မှုရှိတဲ့အဖွဲ့ ဖြစ်ခဲ့ပါတယ်။

အာဖဂန် ပဋိပက္ခဟာ ဒေသတွင်းနိုင်ငံတွေကိုလည်း မီးလောင်ရာလေပင့်ဖြစ်စေခဲ့ပါတယ်။ အထူးသဖြင့် ပါကစ္စတန်နိုင်ငံကို ပိုမိုလှုပ်ခတ်မှုရှိခဲ့ပါတယ်လို့ အငြိမ်းစား အာဖဂန်ဗိုလ်ချုပ် အာတီကွာလာ အာမာခီလ်က ဆိုပါတယ်။ သွေးမြေကျမှုတွေဖြစ်နေသော်လည်း အာဖဂန်မှာရှိတဲ့ ထိပ်ပိုင်းအမေရိကန်နဲ့ နေတိုးတပ်မှူးတစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်ဂျွန်နီကိုလ်ဆင်က လွန်ခဲ့တဲ့လက အာဖဂန်မှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ပိုမိုဖြန့်ကြက်ထားတာနဲ့ လေကြောင်းတိုက်ခိုက်မှုတွေ တိုးမြှင့်လုပ်ဆောင်တာအပါအဝင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ နည်းဗျူဟာတွေဟာ ထိရောက်မှုရှိတယ်လို့ ဆိုပါတယ်။

**စစ်ပွဲနဲ့ပတ်သက်တဲ့ အမှန်တရားတစ်ခု**

တပ်ဖွဲ့ဝင် အင်အားများလေလေ သွေးမြေကျတိုက်ခိုက်မှုတွေ ပိုဖြစ်လေလေ၊ လူတွေသေဆုံးမှု ပိုများလေလေလို့ အမေရိကန်တပ်ဖွဲ့တွေရဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ပီတီလူပိုက ပြောပါတယ်။ ဒါဟာ စစ်ပွဲနဲ့ ပတ်သက်တဲ့ အမှန်တရားတစ်ခုလို့လည်း သူက ဆိုပါတယ်။

တာလီဘန်တပ်ဖွဲ့တွေနဲ့ တခြားသောင်းကျန်းသူတွေဟာ အာဖဂန်ရဲ့ ဒေသအစိတ်အပိုင်း ၄၀၇ ခု ရာခိုင်နှုန်းအားဖြင့် ၁၄ ရာခိုင်နှုန်းလောက်ကို လွှမ်းမိုးထားတယ်လို့ စောင့်ကြည့်လေ့လာသူတွေက ဇူလိုင်လလောက်က ပြောခဲ့ပါတယ်။ အဲဒီ ပမာဏဟာ လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ်နဲ့ အတူတူပဲဖြစ်ပြီး ပြောင်းလဲသွားတာ မရှိပါဘူးလို့ ဆိုပါတယ်။

အစိုးရဟာ လွန်ခဲ့တဲ့နှစ်က အာဖဂန်ရဲ့ ၅၇ ရာခိုင်နှုန်းလောက်ကို ထိန်းချုပ်နိုင်ခဲ့ပြီး အခုနှစ် ၂၀၁၈ မှာတော့ ၅၆ ရာခိုင်နှုန်းလောက်ကိုသာ ထိန်းချုပ်နိုင်တယ်လို့ သိရပါတယ်။ ကျန်တဲ့နိုင်ငံရဲ့အစိတ်အပိုင်းတွေဟာ သူပိုင်ကိုယ်ပိုင် အကြိတ်အနယ်ဆင်နွှဲနေရတုန်းရှိသေးတယ်လို့လည်း သိရပါတယ်။

အကြမ်းဖက်မှုတွေမြင့်တက်လာပေမယ့်လည်း အစိုးရနဲ့ တာလီဘန်ကြား မကြုံဖူးသေးတဲ့ ဇွန်လအပစ်ရပ်စဲရေးဆွေးနွေးမှုတွေဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် မျှော်လင့်ချက်ရောင်ခြည် ဖြစ်လာမလားဆိုတာတော့ မသိနိုင်သေးပါဘူး။

အာဖဂန်စစ်ပွဲ အဆုံးသတ်ရေး အကြမ်းဖက်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုတွေကို အဆက်မပြတ် တိုးမြှင့်လုပ်ဆောင်တာရှိတယ်လို့ လေ့လာဆန်းစစ်သူတွေက ဆိုပါတယ်။ ငြိမ်းချမ်းရေးသည်သာ အကြမ်းဖက် ဖြစ်ရပ်တွေ အကုန်လုံး နေဝင်မိုးချုပ် ဖြစ်သွားစေမယ့် တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်စေမယ်လို့ အာဖဂန်နဲ့ အမေရိကန်အစိုးရတို့က ယုံကြည်နေသလို အခုလမှာလည်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲတစ်ခု ထပ်လုပ်သွားမယ်လို့ အသိပေးပြောကြားရင်း။ ။ **ကိုးကား-အေအက်ဖ်ပီ**

# သီပေါ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိ အခမဲ့ခွဲစိတ်ကုသပေး

**သီပေါ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား (၄၂)ကြိမ်မြောက် အခမဲ့စမ်းသပ်ကုသခြင်းကို စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သီတဂူစက္ခုဒါနဆေးရုံကြီးသို့ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များသာမက အခြားမြို့နယ်များမှ လာရောက်ကုသသော မျက်စိဝေဒနာရှင် ၁၁၈၅ ဦးကို သီတဂူစက္ခုဒါနဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ်အသင်းသားများက မျက်စဉ်းခတ်ခြင်း၊ သွေးပေါင်ချိန်ခြင်းစသည့် ပဏာမလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး အထွေထွေအထူးကု(မျက်စိဌာန) စစ်ကိုင်းသီတဂူဆေးရုံကြီးမှ ဒေါက်တာဒေါ်ခင်အေးမူနှင့် အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ရန်လိုအပ်သည့် မျက်စိဝေဒနာရှင် ၂၇၈ ဦးကို လည်းကောင်း၊ ၉၀၇ ဦးကို လိုအပ်သော ဆေးဝါး၊ မျက်စဉ်းနှင့် မျက်မှန်တပ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခွဲစိတ်လူနာရှင်များအား ၄၅ ရက်အတွင်း ဆောင်ရန်၊ ရှောင်ရန်အစရှိသည့် နေထိုင်ရမည့် နည်းစနစ်များကို ဆေးဝန်ထမ်းပညာရှင်များက မျက်စိခွဲစိတ်ခံလူနာများနှင့်တွေ့ဆုံကာ ဆွေးနွေးပြောကြားခဲ့သည်။ နယ်များမှ လာရောက်ကုသကြသော ဝေဒနာရှင်များအား မဟာမြတ်မုနိဘုရားကြီး ဆရာတော် အရှင်ပညာသီရိက ခရီးစရိတ်နှင့် အာဟာရများပါ အလှူဒါနပြုခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၃၀ ကျပ် | ၁၀၇၀/၁၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၅/၉၉၀ ကျပ် | ၁၀၅၅/၁၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၀၅/၁၀၃၅ကျပ် | ၁၁၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၁ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၀ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၃ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၃ · ၉ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၁ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ · ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ · ၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၂ · ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၀၈၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်အခြေခံသင်တန်းများဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ တက္ကသိုလ်ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် ကင်းထောက်အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ မြန်မာနိုင်ငံ၌ ဖွင့်လှစ်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းများတွင်လည်း အလားတူသင်တန်းများ ပို့ချရေးအစီအစဉ်အရ သင်္ဃန်းကျွန်းမြို့နယ်ရှိ TOTAL Brainworks International School တွင် ကင်းထောက်အခြေခံသင်တန်းကို စက်တင်ဘာ ၁၄ ရက်က ဖွင့်လှစ်ရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ TOTAL Brainworks International School မှ ကျောင်းအုပ်ကြီး Mr. Mohan Aiyer တို့က အမှာစကား ပြောကြားသည်။

သင်တန်းတွင် ဒုတိယ ကင်းထောက်ချုပ် ဦးသာစိန်၊ အစီအစဉ် ကင်းထောက်မှူးချုပ် ဦးအေးကြိုင်၊ လူငယ်ကင်းထောက်မှူးချုပ် ဦးမြင့်ဆွေ၊ ကင်းထောက်ကြီးများနှင့် တက္ကသိုလ်ကင်းထောက်များက ကင်းထောက်သမိုင်း၊ ကင်းထောက်ကတိ၊ ကျင့်ဝတ်၊ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် မြန်မာ့ကင်းထောက်အဖွဲ့ လှုပ်ရှားမှုများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လှုပ်ရှားမှုများ၊ တီထွင်ဆန်းသစ်သည့် ကစားနည်းများ၊ စုပေါင်းတေးသီချင်းနှင့် "ငြိမ်းချမ်းရေး သံတမန်" တေးသီချင်းများကို သီဆိုကပြမှုများ၊ ရှေးဦးသူနာပြုစုနည်းများ၊ တောတွင်းစခန်းချ ပညာရပ်များ၊ သရုပ်ပြမီးပုံပွဲများကို လေ့ကျင့်သင်ကြား ပို့ချမည်ဖြစ်ရာ သင်တန်းသို့ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကာ သင်တန်းကာလမှာ စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

# မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းရေး သင်တန်းပေး

**မုံရွာ စက်တင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ဌာနနှင့် ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးဝန်ကြီးဌာန အထောက်အပံ့ဖြင့် မျိုးထုတ်လုပ်ရေးနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေး နည်းပညာပေးသင်တန်းကို စက်တင်ဘာလဒုတိယပတ်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင် (မျိုးစေ့ဌာနခွဲ)နှင့် တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်ညွန့် (စိုက်ပျိုးရေးဦးစီးဌာန) တို့က အမှာစကား ပြောကြားသည်။



သင်တန်းတွင် မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ၊ မျိုးစေ့ဇီဝ ကမ္ဗဗေဒ၊ စပါးမျိုးများ၏ အခြေခံရုပ်သွင်ပြင်နှင့် ထူးခြားချက်လက္ခဏာများ၊ စပါးသီးနှံကွင်းဆင်းစစ်ဆေးခြင်း နည်းလမ်းများ၊ မျိုးစေ့စစ်ဆေးခြင်းနှင့် ထောက်ခံချက်ပေးခြင်း၊ မျိုးစေ့ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပို့ချပေးခဲ့ပြီး သင်တန်းကာလအတွင်း သင်တန်းသားများက လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် သိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မျိုးစေ့တာဝန်ခံများနှင့် မျိုးစေ့ထုတ်လုပ်မှု လက်တွေ့ဆောင်ရွက်နေသော အသင်းအဖွဲ့များမှ သင်တန်းသား စုစုပေါင်း ၄၈ ဦး တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမျိုးသန့်ခြံတွင် စိုက်ပျိုးထားသော အရည်အသွေးကောင်း စပါးမျိုးသစ်များ၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များနှင့် အရည်အသွေးကောင်း စပါးမျိုးများဖြစ်သည့် ပေါ်ဆန်းရင်၊ ရောမင်းစပါး မျိုးစေ့ထုတ်စိုက်ကွင်းတွင် စပါးသီးနှံ မျိုးစေ့အရည်အသွေးထိန်းသိမ်းရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မေမိုးသဲ

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# ကရင်ပြည်နယ်၌ ရော်ဘာခြံပြုစုထိန်းသိမ်းခြင်း၊ အစေးခြစ်ခြင်းနှင့် အဆင့်မြင့်ရော်ဘာပြား ထုတ်လုပ်ခြင်းသင်တန်းဖွင့်

**ဘုရားသုံးဆူ စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့ လေးဖာထောကျေးရွာ၌ ရော်ဘာခြံပြုပြင်ထိန်းသိမ်းခြင်း၊ အစေးခြစ်ခြင်းနှင့် အဆင့်မြင့်ရော်ဘာပြား ပြုပြင်ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်သီနွယ်၊ ဘုရားသုံးဆူမြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်နှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လေးဖာထောကျေးရွာရှိ တောင်သူ ဦးစောအေဝမ်းနှင့် ရော်ဘာခြံအလုပ်သမား ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့အုပ်ချုပ်ရေးမှူးက ရော်ဘာ၏အခန်းကဏ္ဍ မည်သို့အရေးပါကြောင်းကို ပြောကြားခဲ့ပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ရော်ဘာပင်နှင့်ပတ်သက်၍ အသိပညာများ ပြောကြားခဲ့သည်။

ထို့နောက် ဘုရားသုံးဆူမြို့ စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှလှဝင်းက မိမိဒေသရှိ တောင်သူများ၏လိုအပ်သော အသိပညာများကိုဆွေးနွေးပြီး ရော်ဘာခြံရှင်များကိုယ်စား တောင်သူဦးစောအေဝမ်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူခြံရှင်အလုပ်သမားများကို ပြည်နယ်ဒုတိယဦးစီးမှူး ဒေါ်ခင်သီနွယ်က လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ သင်တန်းကာလမှာ စက်တင်ဘာ ၁၇ရက် မှ ၂၁ ရက်အထိ ငါးရက်ဖြစ်ကြောင်း သိရသည်။

အောင်သူဟိန်း (ပြန်/ဆက်)

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ ပြဋ္ဌာန်း

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ။)**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ခရီးသွားလုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာခြင်းနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာ လုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်သည်။

(ခ) **ခရီးသွားလုပ်ငန်း အမျိုးအစား** ဆိုသည်မှာ အပန်းဖြေခရီးစဉ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ လေ့လာခြင်းခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ခြေလျင်တောင်တက်နှင့် စွန့်စားမှုခရီးစဉ်၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီး ခရီးစဉ်၊ စက်ဘီးစီးခရီးစဉ်၊ မီးပုံးပျံခရီးစဉ်၊ ဘာသာရေးဆိုင်ရာခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်၊ စင်းလုံးငှားလေယာဉ် ခရီးစဉ်၊ အားကစား အခြေပြုခရီးသွားလုပ်ငန်း၊ ကျန်းမာရေးအခြေပြု ခရီးသွားလုပ်ငန်းများနှင့် အခြားခရီးသွား အခြေပြုလုပ်ငန်းများကို ဆိုသည်။

(ဂ) **ခရီးသည်** ဆိုသည်မှာ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် မိမိတို့ နေထိုင်ရာဒေသမှ အခြားနေရာ ခရီးစဉ်ဒေသတစ်ခုခုသို့ ခရီးသွားသူကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံအတွင်းသွားလာသော မြန်မာနိုင်ငံသား ခရီးသည်များ၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသားခရီးသည်များနှင့် ပြည်ပသို့ သွားရောက်သော မြန်မာနိုင်ငံသား ခရီးသည်များလည်း ပါဝင်သည်။

(ဃ) **ခရီးသည် တည်းခိုနေထိုင်ရန်နေရာ** ဆိုသည်မှာ ခရီးသည် တည်းခိုနေထိုင်နိုင်သော စီးပွားရေးအလို့ငှာ အခကြေးငွေဖြင့် တည်းခိုနေထိုင်သည့်နေရာကို ဆိုသည်။

(င) **ခရီးစဉ်** ဆိုသည်မှာ ခရီးစတင်ထွက်ခွာသည့် နေရာဒေသတစ်ခုမှ အခြားနေရာဒေသတစ်ခုသို့ ခရီးသွားလာရေးအတွက် စနစ်တကျ ရေးဆွဲထားသည့် အစီအစဉ်ကိုဆိုသည်။

(စ) **ခရီးစဉ်ဒေသ** ဆိုသည်မှာ ခရီးသည်များ သွားလာလည်ပတ်လေ့လာနိုင်သော နေရာဒေသကို ဆိုသည်။

(ဆ) **ခရီးလှည့်လည်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသည်များ တစ်နေရာမှ တစ်နေရာသို့ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စွာ ပို့ဆောင်ခြင်း၊ တည်းခိုရန်နေရာ စီစဉ်ပေးခြင်းနှင့် ဧည့်လမ်းညွှန် စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဇ) **ဟိုတယ်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များ တည်းခိုရန် သတ်မှတ်ထားသော အခန်းအရေအတွက်နှင့် အဆင့်အတန်းတို့ရှိပြီး အစားအစာ၊ အဖျော်ယမကာနှင့် အခြား ဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင်ဖြည့်ဆည်းဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဈ) **တည်းခိုရိပ်သာလုပ်ငန်း** ဆိုသည်မှာ ခရီးသည်များအတွက် တည်းခိုရေးကိုသာ စီစဉ်ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် မိုတယ်လုပ်ငန်းနှင့် ဧည့်ဂေဟာလုပ်ငန်းတို့ ပါဝင်သည်။

(ည) **ဧည့်လမ်းညွှန်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များအား ခရီးစဉ်ဒေသများကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းကို ဆိုသည်။

(ဋ) **ခရီးသွားလုပ်ငန်းဆိုင်ရာအခြားဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းဟု သတ်မှတ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဌ) **လိုင်စင်** ဆိုသည်မှာ ခရီးသွားလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရ ထုတ်ပေးသောလိုင်စင်ကိုဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဟိုတယ်လုပ်ငန်းလိုင်စင်၊ တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ ပါဝင်သည်။

(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဝန်ကြီး** ဆိုသည်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(တ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ခရီးသွားလုပ်ငန်းများကို စစ်ဆေးနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ထ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဒ) **ခရီးသွားလုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ခရီးသွားလုပ်ငန်းဆိုင်ရာ ကော်မတီကိုဆိုသည်။

(ဓ) **ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ခရီးသွားလုပ်ငန်းကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ ခရီးသွားလုပ်ငန်းကော်မတီလည်း ပါဝင်သည်။

(န) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ပ) **ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုအတွက် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသည့် ပုဂ္ဂလိက အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးအတွက် ထိရောက်သော ပြည်တွင်း ပြည်ပ ဈေးကွက်မြှင့်တင်မှုများဆောင်ရွက်ခြင်းဖြင့် အထောက်အကူဖြစ်စေရန်၊

(ခ) ခရီးသွားလုပ်ငန်းဆောင်ရွက်သူနှင့် ခရီးသည်တို့၏ အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် ယင်းတို့၏ တာဝန်ဝတ္တရားများကို သိရှိလိုက်နာစေရန်၊

(ဂ) ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှုကို အာမခံနိုင်ရန်၊

(ဃ) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊

(င) ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်၊

(ဆ) ခရီးသွားလုပ်ငန်းကို အခြေပြု၍ ဒေသအလိုက် ဆက်စပ်စီးပွားရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဇ) ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနပြုလုပ်လေ့လာခြင်း၊ စာတမ်းများပြုစုခြင်းတို့ကို ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာ တက္ကသိုလ်များ၊ ခရီးသွားလုပ်ငန်းတွင် လက်တွေ့ပါဝင် ဆောင်ရွက်သူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)
## အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတတစ်ဦး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီး | ဒုတိယ ဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၄) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင် | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့ အသီးသီးမှ ဝန်ကြီးချုပ် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ဝန်ကြီး | အဖွဲ့ဝင် |
| (၆) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင်များ |
| (၇) | ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင် သုံးဦး | အဖွဲ့ဝင်များ |
| (၈) | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း များမှ ကိုယ်စားလှယ် သုံးဦး | အဖွဲ့ဝင်များ |
| (၉) | ဝန်ကြီးက တာဝန်ပေးအပ်သူတစ်ဦး သို့မဟုတ် အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |
| (၁၀) | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကိစ္စရပ်များကို ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်း ပြည်တွင်း ပြည်ပ ခရီးသွားများ စိတ်ဝင်စားမှုရှိနိုင်သည့် ဒေသများတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ လိုအပ်သည့် အစီအစဉ်များ ချမှတ်ပေးခြင်းဖြင့် ထိုဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝတို့ကို မြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဂ) ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက တင်ပြလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) ခရီးသွားလုပ်ငန်းဆိုင်ရာ ပင်မစီမံကိန်းများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံကိန်းများ ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ရေး လမ်းညွှန်ကြီးကြပ်ကွပ်ကဲခြင်း၊ ခရီးသွားလုပ်ငန်းကို အခြေပြု၍ ဒေသအလိုက် ဆက်စပ်စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူထုအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာများနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများထံမှ နည်းပညာအကူအညီနှင့် အခြားသော အကူအညီရရှိစေရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(စ) ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခြေခံဥပဒေသများအတိုင်း လိုက်နာဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများကို လေးစားလိုက်နာသော တာဝန်သိခရီးသွားလုပ်ငန်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာသော ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်စေရန် မူဝါဒချမှတ်ခြင်း။

## အခန်း (၄)
## ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည် -

(က) အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော ခရီးသွားလုပ်ငန်း ကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်တစ်ဦးစီ | အဖွဲ့ဝင်များ |
| (၄) | ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင် ငါးဦး | အဖွဲ့ဝင်များ |
| (၅) | ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်း များမှ ကိုယ်စားလှယ် ၁၀ ဦး | အဖွဲ့ဝင်များ |
| (၆) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ခရီးသွားလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။)**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာ** ဆိုသည်မှာ သွား၊ သွားဖုံး၊ သွားမြစ်ဝန်းကျင်၊ မေးရိုးနှင့် ခံတွင်းရောဂါများကို ရောဂါစစ်ဆေးရှာဖွေခြင်း၊ ဆေးဝါးဖြင့် ကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် သွားစိုက်ကုသခြင်း၊ သွားညှိကုသခြင်း၊ သွားအလှပြုပြင်ခြင်း၊ ပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါကြိုတင်ကာကွယ်ခြင်း၊ သွားကျန်းမာရေးမြှင့်တင်ခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ သုတေသနပြုခြင်းများအပါအဝင် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီကို ဆိုသည်။

(ဂ) **နာယကအဖွဲ့** ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုသည်။

(ဃ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(င) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဝင်တစ်ဦးဦးကို ဆိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဆ) **သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဇ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေ ဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ်ဆေး ကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(ဈ) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော ပြည်တွင်းပြည်ပ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် သို့မဟုတ် ဆေးကောလိပ်တစ်ခုခုမှ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးသော မြန်မာနိုင်ငံသား သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ည) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဋ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ရရှိထားသော နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်** ဆိုသည်မှာ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များ ချီးမြှင့်သည့် တက္ကသိုလ်ကို ဆိုသည်။

(ဍ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာ ကျွမ်းကျင်သူ သို့မဟုတ် သွားဘက်ဆိုင်ရာ အထောက်အကူပြုသူဖြစ်ကြောင်း အသိအမှတ်ပြုထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(ဎ) **သွားဘက်ဆိုင်ရာသူနာပြု** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ သူနာပြုအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဏ) **သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ (Oral Hygienist)** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူအဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(တ) **သွားဘက်ဆိုင်ရာဆေးကောလိပ်** ဆိုသည်မှာ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များ ချီးမြှင့်နိုင်သည့် ကောလိပ်ကို ဆိုသည်။

(ထ) **သွားတုပညာကျွမ်းကျင်သူ** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားတု ပညာကျွမ်းကျင်သူအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း ခံရသူကို ဆိုသည်။

(ဒ) **သွားဘက်ဆိုင်ရာ အထောက်အကူပြုသူ** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း ခံရသူကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အရည်အသွေးမီ၍ ထိရောက်သော သွားနှင့် ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာကို ခေတ်နှင့်အညီ နိုင်ငံတကာ အဆင့်မီ လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာတိုးတက်မှုကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၊ သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ၏ လုပ်ပိုင်ခွင့်များကို ထိန်းကျောင်းရန်နှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ဇ) လျော်ကန်ကောင်းမွန်သော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသမှု ပတ်ဝန်းကျင် ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးကြပ်မတ်မှုပေးရန်။

## အခန်း (၃)
## မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဖွဲ့စည်းခြင်း

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစား သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှစ်ဦးပါဝင်သော နာယက အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) နာယကအဖွဲ့သည် အောက်ပါအတိုင်းကောင်စီကို ကောင်စီဝင် ၃၅ ဦးဖြင့် ဖွဲ့စည်းရမည်-

(၁) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် နှစ်ဦး၊ သွားနှင့် ခံတွင်းဆိုင်ရာ ပါမောက္ခနှစ်ဦးနှင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းမှ ကိုယ်စားလှယ် တစ်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ် တစ်ဦး၊ ၇ ဦး

(၂) ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက ဆန္ဒမဲပေးပြီး ရွေးချယ်သည့် အသက် ၃၅ နှစ်အောက် သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန် နှစ်ဦး၊ ၂ ဦး

(၃) ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက ဆန္ဒမဲပေးပြီး ရွေးချယ်သည့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခချုပ် နှစ်ဦး၊ သွားနှင့်ခံတွင်းဆိုင်ရာ အငြိမ်းစား ပါမောက္ခ နှစ်ဦး၊ ကောင်စီဝင် ခုနစ်ဦး၊ ၁၁ ဦး

(၄) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်များက ဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်ခံရသော ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီ အတွက် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် တစ်ဦးစီ။ ၁၅ ဦး

(ဂ) နာယကအဖွဲ့သည် အဖွဲ့ဝင် ငါးဦးပါဝင်သော မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ကို ဖွဲ့စည်းရမည်။

(ဃ) ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိပြီး ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက် ဆုံးဖြတ်နိုင်သော အဖွဲ့အစည်းဖြစ်သည်။

(င) အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ် တစ်ဦး၊ အလုပ်အမှုဆောင် အဖွဲ့ဝင် ခုနစ်ဦး စုစုပေါင်း ၁၃ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ထားပြီးဖြစ်သော ကောင်စီဝင် ၃၅ ဦး၏ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(စ) ကောင်စီဥက္ကဋ္ဌသည် ရွေးချယ်တင်မြှောက်ထားသည့် အလုပ်အမှုဆောင် အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်။

၅။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့် ထမ်းဆောင်နိုင်သူ ဖြစ်ခြင်း၊

(ခ) ကောင်စီ၏လုပ်ငန်းများကို ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှု ပေးနိုင်သူဖြစ်ခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးလောကတွင် လူအများ ယုံကြည်လေးစားမှု ခံရသူဖြစ်ခြင်း။

၆။ (က) (၁) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

(၂) ကောင်စီဥက္ကဋ္ဌသည် သက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

(၃) ကောင်စီဥက္ကဋ္ဌအဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို သက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

(၄) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ကောင်စီဝင်များ၏ အရည်အချင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်ရှိပြီး ကျန်းမာရေးနှင့် ပြည့်စုံသူ၊

(၂) ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်မှ အပဖြစ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင် သက်တမ်းအနည်းဆုံး ၁၅ နှစ်ရှိသူ၊

(၃) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ။

## အခန်း(၄)
## ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးကောလိပ် တစ်ခုခုကဖြစ်စေ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မှတ်ပုံတင်ထားသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းများကို အခါအားလျော်စွာ ပြုစုထုတ်ပြန်ခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလိုဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် သွားတုလုပ်ငန်းများအပါအဝင် အခြားနီးနွယ်သော သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သော စံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်းနှင့် အသိပေးတင်ပြခြင်း၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ် သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် လိုအပ်သော သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း၊

(ဈ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ည) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၊ သွားဘက်ဆိုင်ရာသူနာပြုများ၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်သူများ၊ သွားတုပညာကျွမ်းကျင်သူများ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများအား တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# မန္တလေးမြို့ ကျုံးရေပြင်တွင် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပရန် စီစဉ်လျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ကကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာလှေလှော်ပြိုင်ပွဲကို မန္တလေးမြို့ ကျုံးရေပြင်တွင် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မန္တလေးမြို့ ကျုံးရေပြင်တွင် ၂၀၁၆ ခုနှစ်က ပထမအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လှေလှော်ပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဒုတိယအကြိမ်မြောက်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာလှေလှော်ပြိုင်ပွဲကို ကျင်းပသွားရန် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြတောင်းခံထားကြောင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။

"၂၀၁၆ ခုနှစ်ကလိုပဲ မန္တလေးကျုံးအတွင်းမှာ လှေလှော်ပြိုင်ပွဲကို ကျင်းပခွင့်ရရှိဖို့ရာ သက်ဆိုင်ရာအစိုးရအဖွဲ့ထံကို တင်ပြထားပါတယ်။ ခွင့်ပြုတယ်ဆိုရင် တိုင်းဒေသကြီးနှင့် ပြည်နယ် လှေလှော်ပြိုင်ပွဲကို ကျုံးထဲမှာပဲ ကျင်းပမှာ၊ ဒီနှစ်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံက ပါဝင်ယှဉ်ပြိုင်လာစေဖို့ ပြိုင်ပွဲကိုစည်ကားစေဖို့ကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် အား/ကာမှူးတွေနဲ့ ဆက်သွယ်ချိတ်ဆက်ပြီး ဆောင်ရွက်နေပါတယ်"ဟု ဥက္ကဋ္ဌက ဆက်ပြောသည်။

မျိုးဆက်သစ်လှေလှော်အားကစားသမားများ ပေါ်ထွန်းလာစေရန်၊ လှေလှော်အားကစားနည်းကို ပြည်သူတစ်ရပ်လုံးက စိတ်ပါဝင်စားလာစေရန်ရည်ရွယ်၍ နှစ်စဉ်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လှေလှော်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က တိုင်းဒေသကြီးနှင့် ပြည်နယ်လှေလှော်ပြိုင်ပွဲကို ရန်ကုန်မြို့ အင်းလျားကန်၌ ကျင်းပပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် မန္တလေးမြို့ ကျုံးရေပြင်တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျင်းပခွင့်ရရှိပါက ယခုနှစ် အောက်တိုဘာ ၃၀ ရက် နှင့် ၃၁ ရက်တို့တွင်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

"ပြိုင်ပွဲအမျိုးအစားကိုတော့ ကျုံးရေပြင်အနေအထားပေါ်မူတည်ပြီးတော့မှ လှေလှော်တက်အနေနဲ့ ကျွန်တော်တို့ ၁၀ တက် ထည့်သွင်းကျင်းပဖို့ရှိမယ်။ ပြိုင်ပွဲဝင်လူစာရင်းအပေါ်မူတည်ပြီး ခြောက်တက်လှော်ကိုလည်း အခြေအနေရ ပြောင်းလဲပြင်ဆင်ဆောင်ရွက်ဖို့လည်းရှိတယ်။ ပြိုင်ပွဲဝင် လူဦးရေစာရင်းမသိရသေးတော့ လူဦးရေအပေါ်မူတည်ပြီးမှ ပြောင်းလဲဖို့ရှိပါမယ်၊ ကနူး၊ ကယက်နဲ့ အနောက်တိုင်းလှေပြိုင်ပွဲကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အားကစားသမားတွေရှားတဲ့အတွက် သရုပ်ပြအနေနဲ့ပဲ ပါဝင်သွားဖို့ရှိပါတယ် "ဟုလည်း ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။



မန္တလေးမြို့ ကျုံးရေပြင်၌ ၂၀၁၆ ခုနှစ်က ပထမအကြိမ် ကျင်းပပြုလုပ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာလှေလှော်ပြိုင်ပွဲတွင် အမျိုးသား ၁၀ သင်း၊ အမျိုးသမီး ငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ သိရသည်။

**ကိုမင်း(အင်းတော်)**

# ကျောက်ကြီးမြို့နယ်အတွင်း ရေပြန်ကျသွား၍ ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်း

**ကျောက်ကြီး စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်၌ ဩဂုတ် ၁၉ ရက်က ဒုတိယအကြိမ် ချောင်းရေမြင့်တက်လာမှုနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ပြန်လည်မြင့်တက်လာမှုတို့ကြောင့် စက်တင်ဘာ ၁၅ ရက်အထိ ကယ်ဆယ်ရေးစခန်း ရှစ်ခုကိုဖွင့်လှစ်၍ လူဦးရေ ၆၁၀၀ ကျော်အား စောင့်ရှောက်ပေးခဲ့ရပြီး စက်တင်ဘာ ၁၆ ရက်တွင်မူ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာ၏အောက် ၉၁၀ စင်တီမီတာအထိ ပြန်လည်ကျဆင်းသွားသည့်အတွက် မြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းအားလုံးကို ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ကျောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက် နှစ်ခုမှ အိမ်ထောင်စု ၂၉ စုသည် ပဲခူးရပ်ကွက် မိုးကုတ်ဓမ္မာရုံ၊ သိန်တန်းရပ်ကွက် မင်းအိုကြီးဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း၊ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် မြင့်တက်မှုကြောင့် အိမ်ထောင်စု ၂၆၁ စုသည် ဒေါင်းမို့ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ ညောင်ပင်ဆိပ်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ သောင်လယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ နောင်ကုန်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ရန်မျိုးအောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် မုန်းဒေသ မာလာမြိုင်ဘုန်းတော်ကြီးကျောင်းတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာဆွေမျိုးများအိမ်သို့လည်းကောင်း ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။



**လူနေရပ်ကွက်များအတွင်း ရေပြန်ကျနေသည်ကို စက်တင်ဘာ ၁၆ ရက်ကတွေ့ရစဉ်**

မြစ်ရေမြင့်တက်ခြင်းကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်း လေးကျောင်းကို ဩဂုတ် ၂၉ ရက်ကလည်းကောင်း၊ အထက(ခွဲ) တစ်ကျောင်းအပါအဝင်မူလတန်းလွန်ကျောင်း ခြောက်ကျောင်းကို စက်တင်ဘာ ၄ ရက်ကလည်းကောင်း ခေတ္တပိတ်ထားခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် အထက(ခွဲ) တစ်ကျောင်းအပါအဝင် အခြေခံပညာမူလတန်းလွန်ကျောင်း ခြောက်ကျောင်းနှင့် စက်တင်ဘာ ၁၄ ရက်တွင် မူလတန်းလွန်ကျောင်း တစ်ကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကာ ကျန်ရှိနေသေးသည့် မူလတန်းလွန်ကျောင်း သုံးကျောင်းကိုလည်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်နေကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# မြစ်ကြီးနား၌ ကချင်ပြည်နယ်ဒေသထွက်ကုန် အရောင်းစင်တာ ဖွင့်လှစ်

**မြစ်ကြီးနား စက်တင်ဘာ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကချင်ပြည်နယ် ဒေသထွက်ကုန်အရောင်းစင်တာဖွင့်ပွဲကို အောင်နန်းရိပ်သာရပ်ကွက် သခင်နက်ဖေလမ်းမကြီးပေါ်ရှိ အဆိုပါအရောင်းစင်တာအဆောက်အအုံ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဒေသထွက်ကုန်အရောင်းစင်တာတွင် ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် ပယင်းအချောထည်၊ သစ်သီးဝလံများမှ အဆင့်မြှင့်တင်ထုတ်လုပ်ထားသည့် ယို၊ ဝိုင်၊ ဖျော်ရည်မျိုးစုံ၊ ဒေသထွက် ကုန်ကြမ်းကျောက်မျက်ရတနာများနှင့် အချောထည် ကျောက်မျက်ပစ္စည်းအထည်များ၊ ဒေသထွက် လက်ရက်ကန်းနှင့် စက်ရက်ကန်း ရိုးရာအထည်များ စသည်တို့ကို အရောင်းဆိုင်ခန်း ၃၈ ခန်း ခင်းကျင်းပြသ၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အရောင်းစင်တာဖွင့်ပွဲတွင် ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ယနေ့ဖွင့်လှစ်သည့် ဒေသထွက်ကုန်အရောင်းစင်တာသည် ဒေသခံပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း(SME)များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်၏ဒေသထွက်ကုန်များ ဈေးကွက်နေရာရရှိစေရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးသည့် လမ်းစဉ်တစ်ရပ်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးက မြန်မာတစ်နိုင်ငံလုံးတွင် ကချင်ပြည်နယ်၌ ဒေသထွက်ကုန်အရောင်းစင်တာဖွင့်လှစ်နိုင်မှုမှာ ပထမဆုံးဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး ကချင်ပြည်နယ် ဒေသထွက်ကုန်အရောင်းစင်တာကို ကချင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ခန်လင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဦးဝေလင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ် ဘိုကလေးမြို့၌ လူငယ်များစုပေါင်းအမှိုက်ကောက်

**ဘိုကလေး စက်တင်ဘာ ၁၇**

ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ်အဖြစ် ဘိုကလေးမြို့ရှိ YPDO လူငယ်များအဖွဲ့ကဦးဆောင်၍ ဘိုကလေးမြို့တွင်း၌ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုတစ်ရပ်ကို စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ အခုလှုပ်ရှားမှုက ဘိုကလေးမြို့သန့်ရှင်းသာယာလှပစေရေးအတွက် ရည်ရွယ်ပါတယ်၊ လူငယ်အင်အားကို အဓိကထားပြီး နိုင်သမျှစတင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ မြို့မှာက စနေနေ့တိုင်း ဘိုကလေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စုပေါင်းအမှိုက်ကောက်တဲ့ လှုပ်ရှားမှုအစီအစဉ်လည်း ရှိနေပါတယ်၊ ဒီလို စိတ်ဝင်စားသူတွေပူးပေါင်းပြီး အမှိုက်ကောက်သန့်ရှင်းရေးပြုလုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ရှိပါတယ်"ဟု YPDO အဖွဲ့မှ မချိုချိုဝင်းက ပြောသည်။

ပထမအကြိမ် စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုအနေဖြင့် YPDO အဖွဲ့ဝင်များနှင့်အတူ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရှိ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်၍ ဘိုကလေးမြို့မဆွမ်းလောင်းဓမ္မာရုံ၊ ဓမ္မာရုံအမက၊ အထက(၁)စသည့် နေရာများပတ်ဝန်းကျင်၌ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

YPDO အနေဖြင့် ဘိုကလေးမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများနှင့်ချိတ်ဆက်ကာ အမှိုက်ကောက်ပေးခြင်း၊ အမှိုက်ကို စနစ်တကျစွန့်ပစ်ကြရေး အသိပညာပေးခြင်း စသည့် လုပ်ငန်းများကို စိတ်ပါဝင်စားသူများနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**





**ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်မှ ပြည်သူများအား အခမဲ့ဆေးဝါးကုသခြင်းကို သာသနာ့ပါလကျောင်းတိုက်ဆရာတော် အရှင်ခေမိန္ဒဦးဆောင်ပြီး ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ဒေါက်တာယဉ်မြင့်မေနှင့်အဖွဲ့၊ မြို့နယ်ကျန်းမာရေးမှူး ဦးအောင်ကိုမင်းနှင့် သူနာပြုဆရာ ဆရာမများအဖွဲ့တို့က ရွှေလင်းဘိုးဘွားရိပ်သာခန်းမဆောင်၌ စက်တင်ဘာ ၁၆ ရက်က ဆောင်ရွက်ပေးခဲ့ရာ လာရောက်ကုသမှုခံယူနေသော ပြည်သူများအား တွေ့ရစဉ်။** (အခမဲ့ ဆေးဝါးကုသပေးရာတွင် ရပ်ဝေးရပ်နီးမှ ပြည်သူ ၂၀၀ ခန့်အား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

# စဉ့်ကူးမြို့နယ် ညောင်ပင်ပုရွာ၌ ၂၄ နာရီမီး စတင်ရရှိ

**စဉ့်ကူး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျေးရွာ ရှစ်ရွာ မီးလင်းရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးက ကြီးကြပ်၍ Tri Circle ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၁၄ ရက်က ညောင်ပင်ပုကျေးရွာ၌ ၂၄ နာရီလျှပ်စစ်မီး စတင်ရရှိခဲ့ပြီး ယနေ့အချိန်အထိ ကျေးရွာ လေးရွာတွင် လျှပ်စစ်မီးများရရှိနေပြီဖြစ်ကြောင်း သိရသည်။ ညောင်ပင်ပုကျေးရွာမီးလင်းရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း (၀.၃၅)မိုင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းနှင့် ကျေးရွာအတွင်း ၄၀၀ ဗို့အားလိုင်း (၁.၁) မိုင်သွယ်တန်းခြင်းတို့ကို ဆောင်ရွက်ပြီး၍ ကျေးရွာလုံးကျွတ် မီးလင်းခဲ့ခြင်းဖြစ်ပြီး မကြာမီအိမ်သုံးမီတာများတပ်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

## သတင်းတိုများ

### အလုံမြို့နယ်၌ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

အလုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းရောဂါများ ကုသပေးခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စက်တင်ဘာ ၁၇ ရက်က အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဆောင်ရွက်ပေးခဲ့သည်။ အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမေသီရိ (သွားကျန်းမာရေးဆရာဝန်)က ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်တစ်ရပ်ထဲတွင် ပါဝင်သော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းရောဂါများကို အပတ်စဉ် တနင်္လာနေ့တိုင်း ကုသပေးလျက်ရှိကြောင်းလည်း သိရသည်။

**တင်မောင်ဦး(အလုံ)**

### ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းသင်တန်းဖွင့်

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသင်တန်း အမှတ်စဉ်(၂)ကို ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရေး ရှင်းလင်းဆောင်၌ စက်တင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ရွှေဘိုခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းလေးက ဒေသခံပြည်သူများအား သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပိုမိုပူးပေါင်းလာစေရန်နှင့် သစ်တောထိန်းသိမ်းရေးအသိတရားများ တိုးတက်ပွားများလာစေရန် ရည်ရွယ်ကြောင်း အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ သင်တန်းသို့ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ရှမ်းပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ လူနာတင်ယာဉ်လှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ တောင်ကြီးမြို့ Mountain Star ဟိုတယ်ပိုင်ရှင် ဦးစိုင်းရီ၊ ဒေါ်နန်းဟွမ် မိသားစုမှ လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၇ ရက်က ကျိုင်းတုံမြို့ရှိ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး၌ကျင်းပရာ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်က အမှာစကားပြောကြားပြီးနောက် အလှူရှင်က လူနာတင်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး လူနာတင်ယာဉ်လှူဒါန်းသည့် ရည်ရွယ်ချက်ကို အလှူရှင်က ပြောကြားခဲ့သည်။ အဆိုပါ လူနာတင်ယာဉ်ပေါ်တွင် လူနာသယ်ယူပို့ဆောင်ရန်အတွက်စက်ပစ္စည်းများ ပြည့်စုံစွာတပ်ဆင်ပါရှိပြီး ကြက်ခြေနီအသင်းက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ပို၍အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### မတ္တရာမြို့နယ်၌ကျေးရွာမီးလင်းရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာအုပ်စု ပိသုကာစု ကျေးရွာ၌ ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများပြီးစီးသဖြင့် ဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်ဇော်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဒုတိယမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်ဇော်ဝေက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သိကောင်းစရာများအား ဒေသခံပြည်သူများအား ဟောပြောခဲ့သည်။ ယနေ့လျှပ်စစ်မီးလင်းသော ပိသုကာစုကျေးရွာသည် မတ္တရာမြို့နယ်၌ ၁၀၆ ရွာမြောက် လျှပ်စစ်မီးလင်းသောကျေးရွာဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ခရီးသွားကဏ္ဍနှင့်ဆက်စပ်နေသော ခရီးစဉ်ဒေသများကို ကြီးမှူးကွပ်ကဲသည့် Controller သင်တန်း ဟိုပုံးမြို့၌ ဖွင့်လှစ်

**ဟိုပုံး စက်တင်ဘာ ၁၇**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက စီစဉ်ဖွင့်လှစ်သည့် ခရီးသွားကဏ္ဍနှင့် ဆက်စပ်နေသည့် ခရီးစဉ်ဒေသများအား ကြီးမှူးကွပ်ကဲသည့် Controller သင်တန်းကို စက်တင်ဘာ ၁၇ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ရွှေယွန်းမြိုင်မိုတယ်၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးမြို့မှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်သည် အကျယ်ဆုံးဖြစ်ပြီး ထူးခြားသည့်သဘာဝရေမြေ တောတောင်များပေါများသည့် နေရာတစ်ခုဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စု အများအပြား နေထိုင်ကြသည့် နေရာလည်းဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ဝတ်စားဆင်ယင်ပုံ၊ လူနေမှုဘဝ၊ ဖြစ်ပေါ်နေသည့် သဘာဝရေတံခွန်နှင့် သဘာဝထုံးကျောက်လိုဏ်ဂူများ၊ မြစ်ချောင်းများသည် ခရီးသွားလုပ်ငန်းအတွက် အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ မဖွံ့ဖြိုးသေးသည့် နေရာများကိုလည်း သွားရောက်ပြီး ရေရှည်တည်တံ့နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားများ များများဝင်လာနိုင်အောင် မိမိတို့ဒေသတွင်ရှိသည့် သဘာဝအလှတရားများကို စနစ်တကျထိန်းသိမ်းနိုင်အောင် ရည်ရွယ်ချက်ဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာဆိုလျှင် ကလော၊ ရွာငံ၊ ပင်းတယ၊ ပင်လောင်း၊ ဖယ်ခုံ၊ ဟိုပုံးမြို့တို့၌ သင်တန်း များဖွင့်လှစ်ခဲ့ပြီးနောက် ကွန်ဟိန်းမြို့တွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသမှာရှိသည့် သဘာဝအလှတရားများကို ပိုမိုရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းတတ်စေရန်၊ ဒေသတွင်းတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံများကို ပြည်သူလူထုနှင့် ကမ္ဘာလှည့်ခရီးသွားများပါ သိရှိစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိသော ဗဟုသုတများကိုလည်း မျှဝေပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က အမှာစကားပြောကြားပြီး မြန်မာ့တာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့ Myanmar Responsible Tourism Institute(MRTI) ဥက္ကဋ္ဌ ဆရာဦးညွန့်ဝင်းနိုင်က မိတ်ဆက်စကား ပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ ဟိုပုံးမြို့ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

# အောင်လံမြို့နယ် ရှစ်မျက်နှာဓမ္မစကူးလ်၌ မြန်မာ့သိုင်းစွမ်းရည်ပြိုင်ပွဲကျင်းပ

**အောင်လံ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့ကျေးရွာ၌ ရှစ်မျက်နှာဆရာတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွင့်လှစ်ထားသော ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူများအတွက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်နှင့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပပေးသည့် အငယ်တန်းအဆင့် မြန်မာ့သိုင်းစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။



အဆိုပါ သိုင်းစွမ်းရည်ပြိုင်ပွဲသို့ ပြလို့ရှစ်မျက်နှာကျောင်းတိုက်ဆရာတော် ဦးနန္ဒ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ပင်မဦးစီးဆရာကြီး ဦးမြင့်အောင်၊ မကွေးတိုင်းဒေသကြီး သိုင်းဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်ညွန့်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ နည်းပြဆရာများဖြစ်ကြသော ဦးခင်မောင်ဆွေနှင့် ဦးရဲသီဟ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးမှူး ဒေါ်ခင်လပြည့်ဝန်းနှင့် အား/ကာ ကော်မတီဝင်များ၊ ပြလို့ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း ခြောက်သင်းမှ သင်တန်းသား သင်တန်းသူ ၇၂ ဦးက မြန်မာ့သိုင်းစွမ်းရည်များကို ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသောအသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ သင်တန်းတွင် အသုံးပြုရန်အတွက် အောက်ခံအခင်း ဆိုးပြား ၂၅ ချပ်ကိုလည်း တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးထွဋ်က လှူဒါန်းခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်ကုန်း၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**တပ်ကုန်း စက်တင်ဘာ ၁၇**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာသည့်အချိန်တွင် ကျေးလက်ဒေသများမှ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာအသုံးချတတ်စေရန်ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၁၈)ကို စက်တင်ဘာ ၁၇ ရက်က တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၈) စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝေက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

သင်တန်းလာတက်သည့် နောင်ဘို့အိုးကျေးရွာမှ သင်တန်းသားတစ်ဦးက "ကျွန်တော်က ထွန်စက်အငှားမောင်းလုပ်ငန်း လုပ်ကိုင်ပါတယ်။ စက်ကိရိယာများနဲ့ လုပ်ငန်းဆောင်ရွက်တဲ့အခါ လုပ်သားအင်အားသက်သာတဲ့အပြင် အချိန်တိုအတွင်း ပြီးစီးလွယ်တယ်။ ကွင်းတစ်စပ်တည်းဆိုရင် တစ်နေ့ ရှစ်ဧကလောက်ပြီးစီးအောင် မောင်းပါတယ်။ စက်ပိုင်ရှင်က ထွန်တစ်ဧကကို ငွေကျပ် ၁၇၀၀၀၊ ထယ်တစ်ဧကဆိုရင် ငွေကျပ် ၁၆၀၀၀ ရပါတယ်။ စက်မောင်းခကတော့ တစ်ဧကမှာ ငွေကျပ် ၂၀၀၀ ရပါတယ်။ ဒီသင်တန်းလာတက်တာက ကိုယ်မသိသေးတဲ့ စက်ပိုင်ဆိုင်ရာများကို သိရှိတတ်ကျွမ်းအောင် တက်ရောက်သင်ကြားခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

သင်တန်းသို့ ကျေးရွာများမှ သင်တန်းသား ၃၅ ဦး တက်ရောက်သင်ကြား၍ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပြီး မြေဩဇာကြဲပက်ခြင်း ငပုတော၌ သရုပ်ပြ

**ငပုတော စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသော ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင်ပါဝင်သော တောင်သူများအား ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် မြေဩဇာကြဲပက်ခြင်း သရုပ်ပြပွဲကို အုန်းပင်စုကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

မြေဩဇာများပေးအပ်ပွဲတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိန်မောင်မြင့်က တောင်သူများစိုက်ပျိုးသော လယ်ယာမြေများတွင် စပါးအထွက်တိုးရန် မြေဩဇာထည့်သွင်းသုံးစွဲရမည့် အချိုးအစားနှင့် စပါးသီးနှံတွင်ကျရောက်လေ့ရှိသော ဖျက်ပိုးများအတွက် အသုံးပြုသင့်သောပိုးသတ်ဆေးများနှင့် အသုံးပြုရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်ဝမ်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုးဦးတို့က ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သော ဓာတ်မြေဩဇာအိတ် ၃၇ အိတ်နှင့်သဘာဝမြေဩဇာ အိတ် ၃၀၀ တို့ကို တောင်သူ ၄၁ ဦးထံသို့ တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး မြေဩဇာကြဲပက်ခြင်း သရုပ်ပြပွဲကို တောင်သူဦးမိုးမြင့်၏ လယ် ၁၀ ဧက၌ ဆက်လက်ပြုလုပ်ကာ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်း၍ မြေဩဇာနှင့် သဘာဝမြေဩဇာများကို ကြဲပက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# သုဝဏ္ဏဝတီမြို့၌ လူမှုဖူလုံရေးအာမခံကတ်များ အခမဲ့ကွင်းဆင်းပြုလုပ်ပေး

**သုဝဏ္ဏဝတီမြို့ စက်တင်ဘာ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းမှ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် မိမိတို့ဆန္ဒအလျောက် အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေးများပေးသွင်း၍ အာမခံထားရှိပြီး ဥပဒေပါခံစားခွင့်များကို ရရှိခံစားနိုင်ရန်အတွက် လူမှုဖူလုံရေးအာမခံကတ်များကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် သထုံမြို့နယ် လူမှုဖူလုံရေးအဖွဲ့က စက်တင်ဘာ ၁၇ ရက်တွင် သုဝဏ္ဏဝတီမြို့ရှိ အကောင်းကြိုက် မြန်မာစားသောက်ဆိုင်သို့ ကွင်းဆင်း၍ ဆိုင်အလုပ်သမားများအတွက် အလုပ်သမားကတ်ပြားများကို ပြုလုပ်ပေးခဲ့သည်။



လူမှုဖူလုံရေး အာမခံကတ်များ ပြုလုပ်ပေးရာတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေမှ ပြဋ္ဌာန်းချက်နှင့် ဥပဒေပါ အချက်အလက်များကို အလုပ်သမားများအား ရှင်းလင်းပြောကြားပြီး ဆေးစစ်ခြင်း၊ လက်ဗွေနှိပ်၍ ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကာစမတ်ကတ်များ ပြုလုပ်ပေးခဲ့သည်။

"အလုပ်သမားတစ်ယောက် ရရှိတဲ့ တစ်လစာရဲ့နှစ်ရာခိုင်နှုန်း၊ အလုပ်ရှင်က နှစ်ရာခိုင်နှုန်းအပါအဝင် အလုပ်တွင် ထိခိုက်နစ်နာမှု အာမခံစနစ်အတွက် အလုပ်သမားလစဉ်ဝင်ငွေရဲ့တစ်ရာခိုင်နှုန်း(စုစုပေါင်း ငါးရာခိုင်နှုန်း)ကို ထည့်ဝင်ကြေးအဖြစ် လစဉ်ကောက်ခံပြီး ပြုလုပ်ပေးတာပါ၊ ဒီလိုဆောင်ရွက်ထားတဲ့ အလုပ်သမားတစ်ယောက်အတွက် မကျန်းမာခြင်း၊ မီးဖွားခြင်းနဲ့ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုများကို လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းများမှာ အခမဲ့ဆေးကုသနိုင်တဲ့အပြင် သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်းတို့အတွက် ဥပဒေပါအတိုင်း အကျိုးခံစားခွင့်ရရှိမှာဖြစ်ပါတယ်"ဟု သထုံမြို့နယ် လူမှုဖူလုံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မာလာက ပြောသည်။

"ကျွန်တော်တို့ဆိုင်မှာ အလုပ်သမားဦးရေအတိုင်း တစ်လကို တစ်ဦးအတွက် ငွေကျပ် ၄၈၀၀ ကို လစဉ်ပေးသွင်းရပါမယ်၊ အလုပ်သမားကတ်(စမတ်ကတ်)ကိုတော့ ဌာနက ဆိုင်အရောက် အခမဲ့လာလုပ်ပေးတာပါ" ဟု ဆိုင်မန်နေဂျာဖြစ်သူ ကိုဆန်းဆန်းက ပြောသည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အလုပ်ရှင်အတည်တကျမရှိသော အလုပ်သမားများ၊ ပျံကျဈေးသည်များ၊ တောင်သူလယ်သမားများ၊ ကျောင်းသား ကျောင်းသူများ အပါအဝင် ပြည်သူများအားလုံးသည် ထည့်ဝင်ကြေးများပေးသွင်း၍ အာမခံထားရှိပါက ဥပဒေပါခံစားခွင့်များကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# Myanma Apex Bank

၏

Hire Purchase စနစ်ကြောင့် ဒေသတွင်း၌ SME လုပ်ငန်းများ ဖြစ်ထွန်း၊ အကျိုးရှိ၊ ဝင်ငွေတိုးစေသည့်အတွက် ၄င်းတို့၏ မိသားစုများကိုယ်စား Myanma Apex Bank အားအထူးကျေးဇူးတင်ရှိပါသည်။

**သင့်ဥယျာဉ်လုပ်ငန်း**
**ပုဂံ-ညောင်ဦး**




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့တွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော ကျေးလက်၊ မြို့ငယ်နှင့် မြို့ကြီးသုံး 1 Ø 2 W အိမ်သုံးမီတာများနှင့် Energy Meter Box With Ring CT များအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူသော ၉-၈-၂၀၁၈ရက်၌ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ပါဝင်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Web Portal (www.moee.gov.mm) တွင် ကြော်ငြာထားသော ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ် 2(T)/ESE/2018-2019(1-Year)၏ တင်ဒါပိတ်ရက်အား ၂၅-၉-၂၀၁၈ ရက်အစား ၂၆-၁၀-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီဟု ပြောင်းလဲသတ်မှတ်လိုက်ကြောင်း အသိပေးအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ စက်တင်ဘာလ) ဘဏ္ဍာရေးနှစ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများအား ဇုန်ဝင်ကြေး ကောက်ခံခြင်းနှင့်ပတ်သက်၍ တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်** - ၂၆-၉-၂၀၁၈ ရက်
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲရုံး

၃။ အသေးစိတ်သိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ၊ စီမံဌာနစိတ်-ဖုန်း-၀၉-၄၂၉၆၆၀၅၀၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖခင်အမည်မှန်**
